# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၉၈)၊ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ၂၀-၆-၂၀၂၄၊ ကြာသပတေးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေး (၂/၂၀၂၄) ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ(၂/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။





**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆေးဝါးနှင့် ဆေးအထောက်အကူပစ္စည်းများ အပါအဝင် အရေးကြီးကုန်စည်များ ပြတ်လပ်မှုနှင့် ဈေးနှုန်းမြင့်တက်မှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပြနေသည့် ကိန်းဂဏန်းစာရင်းအင်းများကို မြေပြင်အခြေအနေမှန်နှင့်ကိုက်ညီစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆန်သိုလှောင်ရုံများနှင့် ဆန်ဆိုင်များ၊ ဆေးသိုလှောင်ရုံများနှင့် ဆေးဆိုင်များကို ဈေးနှုန်းမြင့်တင်ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများ မရှိစေရေး ပူးပေါင်းအဖွဲ့များဖြင့် အပတ်စဉ်ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း။

၂၀၂၄ ခုနှစ် မေလအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ရွှေဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ မရှိမဖြစ်လိုအပ်သည့် သွင်းကုန်ပစ္စည်းများအတွက် နိုင်ငံခြားငွေရရှိရေးကို နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီ(FESC) က စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ နိုင်ငံခြားငွေ အမှန်တကယ်အသုံးပြုရန် လိုအပ်သူများအတွက် ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရွှေနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် ဆန်နှင့် စားသုံးဆီဈေးနှုန်း တည်ငြိမ်ရေးကိစ္စရပ်များကို ပထမဦးစားပေးအဖြစ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဆန်ဈေးနှုန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး သွင်းအားစုဈေးနှုန်းများမြင့်တက်ခြင်း၊ အလုပ်သမားခ အပါအဝင် အထွေထွေကုန်ကျစရိတ်များ မြင့်တက်ခြင်းတို့သည် ဆန်ဈေးနှုန်းများ မြင့်တက်စေသည့်အကြောင်းများဖြစ်ကြောင်း၊ စားအုန်းဆီကို ရည်ညွှန်းဈေးသတ်မှတ်၍ တင်သွင်းရောင်းချသည့် ကုမ္ပဏီများက တိုက်ရိုက်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း၊ စားအုန်းဆီ ဖြန့်ဖြူးရောင်းချရာတွင် အကျိုးအမြတ်ရရှိရေးကိုသာမကြည့်ဘဲ ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်း

**စာမျက်နှာ ၄ သို့** ❍

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၉**

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၆၀) ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၄ ခုနှစ်၊ ဇွန် ၂၀ ရက်၊ ကြာသပတေးနေ့ ။

# အာဆီယံအမွေအနှစ် ဥယျာဉ်များ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ

အာဆီယံဒေသတွင်းရှိ နိုင်ငံများတွင် ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာ စသည့် ထူးခြားစွာတည်ရှိနေသော သဘာဝထိန်းသိမ်းရေးနယ်မြေများကို အာဆီယံအမွေအနှစ် ဥယျာဉ်များအဖြစ် သတ်မှတ်ထိန်းသိမ်းထားလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်များ ကြွယ်ဝလျက်ရှိ၍ အာဆီယံအမွေအနှစ်ဥယျာဉ် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရန် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံရှိ အာဆီယံအမွေအနှစ် ဥယျာဉ်များသို့ မြန်မာနိုင်ငံမှ သစ်တောဦးစီးမှူးများ သွားရောက်လေ့လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အာဆီယံအမွေအနှစ်ဥယျာဉ်များဖြစ်သည့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ နတ်မတောင်အမျိုးသားဥယျာဉ်၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အင်းတော်ကြီးကန်ဘေးမဲ့တောတို့ဖြင့် အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်ကြီး ရှစ်ခုရှိပြီး သဘာဝထိန်းသိမ်းရေး နယ်မြေအချို့ကိုလည်း အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်များအဖြစ် ဆက်လက်အသိအမှတ်ပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အာဆီယံအမွေအနှစ် ဥယျာဉ်များဖြစ်သည့် Gunung Leuser National Park ၊ Lorentz National Park နှင့် Kerinci Seblat National Park တို့မှာ လူသိများထင်ရှားပြီး အမျိုးသားဥယျာဉ် ၁၀ ခုသို့ ပြည်ပခရီးသွားများ နှစ်စဉ်လာရောက်လည်ပတ်လျက်ရှိသည်။ အာဆီယံအမွေအနှစ် ဥယျာဉ်များအဖြစ် ဗီယက်နမ်တွင် ၁၀ ခု၊ ဖိလစ်ပိုင်တွင် ကိုးခု၊ မြန်မာနိုင်ငံတွင် ရှစ်ခု၊ အင်ဒိုနီးရှားနိုင်ငံတွင် ခုနစ်ခု၊ ထိုင်းတွင် ခြောက်ခု၊ မလေးရှားနိုင်ငံတွင် သုံးခု၊ စင်ကာပူတွင် နှစ်ခု၊ ကမ္ဘောဒီးယားတွင် နှစ်ခု၊ ဘရူနိုင်းတွင် တစ်ခုနှင့် လာအိုနိုင်ငံတွင် တစ်ခုဖြင့် စုစုပေါင်း အာဆီယံအမွေအနှစ် ဥယျာဉ် ၄၉ခုကို သတ်မှတ်ထားပြီး သက်ဆိုင်ရာနိုင်ငံအလိုက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

လေ့လာရေးခရီးစဉ်များမှ နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများစုဝေးရာ ရတနာများဖြစ်သည့် အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ်များ ထိန်းသိမ်းမှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အထောက်အပံ့ဖြစ်စေခြင်း၊ အမျိုးသားဥယျာဉ်များ ကွန်ရက်ထိန်းသိမ်းမှုနှင့် စီမံအုပ်ချုပ်မှုကို မြှင့်တင်စွမ်းဆောင်ပေးနိုင်ခြင်း၊ အာဆီယံဒေသတွင်း အဆင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုလက်တွဲပူးပေါင်းလုပ်ဆောင်လာနိုင်ခြင်းနှင့် ဒေသအသိက်အဝန်းအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေများ ရေရှည်တည်တံ့မှုမှ အာဆီယံနိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အနာဂတ်ကာလကို အကျိုးပြုစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က အဖွင့်အမှာစကားပြောပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဆွေက အခွန်ထမ်းကုမ္ပဏီလုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် အခွန်ဆိုင်ရာအကြောင်းအရာများကို ပညာပေးရှင်းလင်းဆွေးနွေးခဲ့ရာ အခွန်ထမ်းကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း(၁၄၀)ဦးတက်ရောက်ကြပြီး အခွန်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဝေငှခဲ့ကြောင်းသိရသည်။ **(အပေါ်ဝဲပုံ)** (၀၉၃)

# ချောင်းကြီး မြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေး နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၁၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့် အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် အမရဌာနီအနောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၂လမ်း မြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၇၈လမ်းနှင့် ၇၉လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၈လမ်းကြား၌ မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ နုံနှင့် ဒိုက်အမှိုက်များကို PC-200 ဘက်ဟိုးစက်အသုံးပြု၍ ၂၄လမ်းနှင့် ၂၅လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် အနိပ်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၁လမ်း ချမ်းမြေ့အောင်လမ်း တောင်ဘက်မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း၆၀နှင့် ၆၂လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ပြည်ကြီးမျက်ရှင်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၂လမ်း တောင်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၆၃လမ်းနှင့် ၆၄လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၆လမ်း အရှေ့ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက် အသုံးပြု၍ လမ်း၃၀နှင့် ၃၁လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၃လမ်းတံတားမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ၇၈လမ်း အနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၇လမ်းနှင့် ၃၈လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ချမ်းမြသာစည်တောင်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ဦးပွားဂုံးအောက်ရှိ အထက(၃၄)ကျောင်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၄၆လမ်း အနောက်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် နုံများကို ဗိုးဘက်ဟိုးစက်အသုံးပြု၍ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ကန်သာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် နဒီမြောင်း အတွင်းမှ ဒိုက်နှင့် နုံများကို Longarm စက်အသုံးပြု၍ ၁၁၂Aလမ်းနှင့် ၁၁၃လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ၄၆လမ်း အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi-70 ဘက်ဟိုးစက်အသုံးပြု၍ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ကန်သာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၀၉လမ်း အလက(၂၁)ကျောင်း တောင်ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့် နုံစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၅၈လမ်းနှင့် ၅၉လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ထိန်ကုန်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရွာလယ်လမ်း ဝိဇ္ဇာလမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ၆၀Cလမ်း အနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ၁၂၀လမ်းနှင့် ၁၂၁လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

အမရပူရမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် မှန်တန်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် စစ်ကိုင်း-မန္တလေးလမ်း အနောက်ဘက်ခြမ်း မြောင်းအတွင်းမှ မြောင်းစာနှင့် ဒိုက်အမှိုက်များကို လုပ်သားများက ဗားကရာနှင့် အောင်မြင့်ကျော်ကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၀၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့မှ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၁၉

(၅)ကြိမ်မြောက် လန်ချန်း-မဲခေါင် ရုပ်သံသီတင်းပတ် (5th Lancang-Mekong Audiovisual Week)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်ခဲ့ကြသည့် လန်ချန်း - မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဇွန် ၁၈ ရက်တွင် ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့မှ အထင်ကရနေရာများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

## ကြည့်ရှုလေ့လာ

ဦးစွာ ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ် (Kunmin University of Science and Technology)တွင် ဘာသာရပ်ဆိုင်ရာများအလိုက် ပညာသင်ကြားနေမှု၊ နယ်ပယ်အသီးသီးအလိုက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်နေမှု၊ AI နည်းပညာဆိုင်ရာ သုတေသနနှင့် သိပ္ပံခေတ်ခွဲခန်းများ ကျယ်ပြန့်စွာ လုပ်ကိုင်နေမှု၊ ဘာသာစကား ၁၀၈ မျိုး၏ ပင်ကိုအသံနှင့် ဘာသာပြန်ဆိုခြင်း လုပ်ငန်းစဉ်တွင် ဗီယက်နမ်၊ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ထိုင်းအပါအဝင် အရှေ့တောင်အာရှနှင့် အာရှဘာသာစကားများကို အထူးအလေးထား လုပ်ကိုင်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။ အဆိုပါတက္ကသိုလ်ကို ၁၉၅၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဆင့်မြင့်တင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျောင်းသား ကျောင်းသူ ၅၃၀၀၀ ကျော် တက်ရောက်လျက်ရှိပြီး ၎င်းတွင် ပြည်ပနိုင်ငံများမှ လာရောက် တက်ရောက်နေသူ ၅၈၃ ဦး ပါဝင်ကြောင်း သိရသည်။

ဆက်လက်၍ ယူနန် ရုက္ခဗေဒနှင့်ဇီဝနည်းပညာအုပ်စု(Yunnan Botanee Bio-Technology Group Co.,Ltd သို့ သွားရောက်ကြပြီး သဘာဝပစ္စည်းများအခြေခံပြီး သုတေသနအဆင့်ဆင့် ပြုလုပ်၍ စနစ်တကျ ထုတ်လုပ်လျက်ရှိသည့် Winona အမည်ဖြင့် အလှကုန်နှင့် အရေပြား ကျန်းမာရေးဆိုင်ရာ ပစ္စည်းများထုတ်လုပ်၍ ကျယ်ပြန့်စွာ ဖြန့်ချိရောင်းချမှုအား လှည့်လည်ကြည့်ရှု လေ့လာကြသည်။

အဆိုပါကုမ္ပဏီကို ၂၀၁၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အရေပြားဆိုင်ရာ ကျန်းမာရေးနှင့် ပြည့်စုံစေရေး စောင့်ရှောက်နိုင်ရန် အထူးအလေးထား ဆောင်ရွက်မှုနှင့်အတူ သုတေသနဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်လုပ်ရေးနှင့် ဈေးကွက် ချဲ့ထွင်ရေးအတွက် အုပ်စုဖွဲ့၍ ဆောင်ရွက်လျက်ရှိရာ Skincare လောကတွင် နှစ်ပေါင်းများစွာ ဦးဆောင်လျက်ရှိကြောင်း သိရသည်။




ညနေပိုင်းတွင် လေ့လာရေးအဖွဲ့များသည် ယွိရှီမြို့ရှိ ချွန်ကျန်းသဘာဝ ကျောက်ဖြစ်ရုပ်ကြွင်းသမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြပြီး ကျောက်ဖြစ်ရုပ်ကြွင်းအမျိုးအစား ၂၀ ခေါင်းစဉ်အောက်ရှိ မျိုးစိတ်ပေါင်း ၃၀၀ ကို သုံးထပ် အဆောက်အအုံတွင် အထပ်အလိုက် အခန်းများနှင့် ပြကွက်များခွဲခြားပြုလုပ်၍ ဒစ်ဂျစ်တယ်နည်းပညာ၊ လျှပ်စစ်မီးနှင့် အသံစနစ်များ ပေါင်းစပ်ပြီး ခင်းကျင်း ပြသထားမှုများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

အဆိုပါပြတိုက်အား ၂၀၁၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းပြတိုက်ပုံစံသည် အာရှတွင် တစ်ခုတည်းသာရှိနေပြီး ယူနက်စကို အသိအမှတ်ပြုထားသော ကမ္ဘာ့အမွေအနှစ် တစ်ခုအဖြစ် ထင်ရှားကျော်ကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် ယွိရှီခရိုင် ချွန်ကျန်းမြို့နယ်အတွင်းရှိ မားဖန်ကျေးရွာသို့ ဆက်လက် သွားရောက်ကြပြီး ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းထားသော ပြတိုက်ငယ်နှင့် စုပေါင်းအရောင်းဆိုင်၊ ရိုးရာအစားအသောက်များ အိမ်ဆိုင်ဖွင့်လှစ်ရောင်းချမှုနှင့် တည်းခိုခန်းများ ဖွင့်လှစ်ဆောင်ရွက်မှု၊ စိုက်ပျိုးရေးအခြေခံထုတ်ကုန်များ ထုတ်လုပ်ပြီး စီစဉ်ရောင်းချမှု၊ နှစ်ရှည်စားပင်/ ပန်းပင်များ အပါအဝင် ရာသီပန်းများကို အချိန်ကိုက် စိုက်ပျိုးပြသမှု၊ သဘာဝကြာကန်များနှင့် ရွာပတ်ကမ်းနားလမ်း ဖောက်လုပ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

အဆိုပါကျေးရွာသည် ၂၀၁၉ ခုနှစ်က ယူနန်ပြည်နယ်၏ လှပသောကျေးရွာဆု၊ ၂၀၂၂ ခုနှစ်တွင် ကျေးရွာတစ်ခုထုတ်ကုန်တစ်ခု အမျိုးသားစံပြဆုနှင့် ၂၀၂၃ ခုနှစ်တွင် ယွိရှီမြို့၏ ကြယ်ငါးပွင့်အဆင့်ရှိသော လှပသည့်ကျေးရွာဆုများ ရရှိထားပြီး ယဉ်ကျေးမှု၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းများအခြေခံသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ တောက်ပသော စံပြကျေးရွာအဖြစ် အသိအမှတ်ပြုခံထားရပြီး ရပ်တည်နေကြောင်း သိရသည်။

ထို့နောက် ယွိရှီနှင့် ချွန်ကျန်းဒေသရှိ ဖုဟိုင်ဝမ်ကမ်းခြေသို့ ဆက်လက် သွားရောက်ကြပြီး သဘာဝ တောင်ပေါ်ရေကန်အား ပြုပြင်ထိန်းသိမ်းကာ ကမ်းခြေပတ်လမ်းနှင့် ပန်းခြံများ၊ ဖျော်ဖြေရေးအစီအစဉ်များ ဖန်တီးပေါင်းစပ်၍ စီစဉ်ဆောင်ရွက်ထားရှိမှုကို အားပေးကြည့်ရှုလေ့လာကြသည်။

အဆိုပါ တောင်ပေါ်ရေကန်သည် စိမ့်တောဥယျာဉ် စီမံကိန်းဧရိယာအတွင်း ၈၃ ဟက်တာခန့် ကျယ်ဝန်းကာ အရှေ့နှင့် အနောက် မီတာ ၂၆၀၀ ရှည်လျားသော သာယာလှပသည့် ကမ်းခြေအဖြစ် ထင်ရှားကျော်ကြားကာ ပြည်တွင်း/ပြည်ပခရီးသွားများအား ဆွဲဆောင်လျက်ရှိသည်။

လေ့လာရေး အဖွဲ့များသည် ညပိုင်းတွင် ယွိရှီခရိုင် ချွန်ကျန်းမြို့ရှိ Emerald Bay ဟိုတယ်၌ ညအိပ်ရပ်နားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၉

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဒေါက်တာ အောင်မြတ်ဦးနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဒေါက်တာ အောင်မြတ်ဦးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏အလုပ်အဖွဲ့ကဆွေးနွေးလိုသည့်အချက်များကို အဆိုပြုတင်ပြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဘက်မှ ဆွေးနွေးလိုသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံသဘောတူညီချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နိုင်ငံရေးပါတီများ၏ သဘောထားအမြင်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည်ဟု သုံးသပ်ယူဆရသည့် အဆိုပြုချက်များနှင့် ပတ်သက်၍ နှစ်ဖက်အဆိုပြုချက်များကို အပြန်အလှန် ရှင်းလင်းဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်ကြောင်းနှင့် ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၂၀ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမကောလိပ်(မန္တလေး) နှစ် ၃၀ ပြည့် ပုလဲရတုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၁၉**

သမဝါယမကောလိပ် (မန္တလေး)၏ နှစ် ၃၀ ပြည့် ပုလဲရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ် (မန္တလေး) ရန်ကင်းခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သမဝါယမကောလိပ် (မန္တလေး)မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားပြီးနောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပညာရည်ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။





လူငယ်စီးပွားပညာတတ်များ မွေးထုတ်ပေးရန်ရည်ရွယ်၍ ၁၉၉၄ ခုနှစ်၌ သမဝါယမသင်တန်းကျောင်းကို စတင်တည်ထောင်ဖွင့်လှစ်သင်ကြားပေးခဲ့ရာမှ သမဝါယမကောလိပ်(မန္တလေး) အဖြစ် အဆင့်မြှင့်တင်ပြီး စီးပွားရေးပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ စာပေပညာများ သင်ကြားပေးသည့်အပြင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကိုလည်း အခါအားလျော်စွာ စီစဉ်ဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိပြီး ယခုအချိန်အထိ ဒီပလိုမာရရှိသူ ကျောင်းသား၊ ကျောင်းသူ ၅၀၄၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀








○ ရှေ့ဖုံးမှ

နိုင်ရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးတို့ကိုလည်း ညီညွတ်မျှတအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိရစ္ဆာန်အစာဈေးနှုန်း မြင့်တက်ခြင်း၊ သယ်ယူစရိတ်မြင့်တက်ခြင်း၊ ယခုနှစ် ဧပြီလနှင့် မေလအတွင်း ရာသီဥတုပူပြင်းခဲ့ခြင်းကြောင့် ဥထွက်နှုန်းကျဆင်းခြင်းနှင့် ကုန်ကြမ်းသားပေါက်ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် အသား၊ ငါးနှင့် ဥဈေးနှုန်းတို့ မြင့်တက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် (၉)ခုတွင် မွေးမြူရေးလုပ်ငန်းများကို ငွေကျပ် ၁၂ ဘီလီယံ ထုတ်ချေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းဒေသများမှ စိစစ်ရွေးချယ်ထားသည့် အသားတိုးနွား၊ နို့စားနွား၊ ဥစားကြက်နှင့် သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းများကို ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် အခြားဆက်စပ်ကော်မတီများဖြစ်သည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ ရွှေ နှင့် ငွေကြေးဈေးကွက်စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီနှင့် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ စသည့်ကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံစားသောက်ကုန်ပစ္စည်းဈေးနှုန်းများ မတည်ငြိမ်ခြင်း၊ ရုတ်တရက် မြင့်တက်ခြင်းကြောင့် ဝင်ငွေနည်းပါးသည့် ပြည်သူများ၊ ပုံသေလစာရရှိသည့် ဝန်ထမ်းများကို အဓိကထိခိုက်ခံစားရသဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းစဉ်ကို အထူးအလေးထား၍ ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ အပါအဝင် အခြေခံစားသောက်ကုန်ဈေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ထူးခြားစွာပြောင်းလဲဖြစ်ပေါ်သည့် အဓိကကုန်စည်ဈေးနှုန်းများအပေါ်သုံးသပ်ချက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေရေးဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ကြက်တောင်ရိုက်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစား

**မန္တလေး ဇွန် ၁၉**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ကြက်တောင်ရိုက်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားခန်းမတွင် ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဘာသာရပ်အသီးသီးတို့မှ တစ်ဦးချင်းပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၆ သင်းနှင့် အမျိုးသမီးအသင်း ၁၆ သင်း၊ နှစ်ယောက်တွဲ ပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၆ သင်းနှင့် အမျိုးသမီးအသင်း ၁၆ သင်းတို့က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၈၂)

# PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဝင်းနိမ္မိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟာန(ငြိမ်း) ပျံလွန်တော်မူခဲ့ရပြီး ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟာန(ငြိမ်း)နှင့် ယာဉ်မောင်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့

နေပြည်တော် ဇွန် ၁၉

ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြို့သာမြို့နှင့် ကမ္မရွာအကြားတွင် နယ်မြေ လုံခြုံရေးချိတက် ရှင်းလင်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားစိစစ်ဆဲ PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ နှစ်ဖက် အပြန်အလှန်ပစ်ခတ်မှု ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။



PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဂုဏိကာဘိဝံသအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေမှုကို တွေ့မြင်ရစဉ်။




ငါးဇွန်မြို့နယ်အတွင်း မဟာန(ငြိမ်း)ဆရာတော်များ စီးနင်း လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးအား PDF အမည်ခံအကြမ်း ဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်ပြပုံ။

## ထိုးကျတိမ်းမှောက်

အဆိုပါဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်မိုင်းဆွဲတိုက်ခိုက်ချိန်၌ သကျင်ရွာဘက်မှ မြို့သာမြို့ဘက်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးသည် ပစ်ခတ်မှု ဖြစ်ပွားနေသည့်နေရာအတွင်းသို့ မောင်းနှင်ဝင်ရောက်လာခဲ့ရာ အဆိုပါယာဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများ၏ပစ်ခတ်မှုကြောင့် ဖြစ်စဉ်နေရာမှ မီတာ ၂၅၀ ခန့်တွင် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ယာဉ်အား သွားရောက်စစ်ဆေးခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်ပစ်ခတ်မှုများကြောင့် ယာဉ်ပေါ်၌ ပျံလွန်တော်မူနေသည့် ဆရာတော်တစ်ပါးအပါအဝင် ဒဏ်ရာရရှိနေသည့် ဆရာတော်တစ်ပါးနှင့် ယာဉ်မောင်းတို့အား တွေ့ရှိကယ်ထုတ်နိုင်ခဲ့သည်။ ဖြစ်စဉ်တွင် ဦးခေါင်းနောက်စေ့တော်၌ လက်နက်ငယ်ထိမှန် ဒဏ်ရာရရှိပြီး ပျံလွန်တော်မူခဲ့သည့် ဆရာတော်မှာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ မဟာန(ငြိမ်း) ဟု သိရှိရပြီး မှန်ကွဲစဒဏ်ရာ ရရှိတော်မူခဲ့သည့် ဆရာတော်မှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟာန (ငြိမ်း) ဖြစ်ကြောင်း သိရှိရကာ ယာဉ်မောင်း ဦးကျော်ဝင်းမှာ ဝဲဘက်လက်၌ လက်နက်ငယ် ထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း ပဏာမ စစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်တွင် ပျံလွန်တော်မူခဲ့သည့် ဆရာတော်၏ ရုပ်ကလာပ်တော်နှင့် ဒဏ်ရာရရှိထားသော ဆရာတော်၊ ယာဉ်မောင်းတို့အား မန္တလေးမြို့ တံတားဦးပြည်သူ့ဆေးရုံမှတစ်ဆင့် နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူ ဦးကျော်ဝင်း၏ ပြောကြားချက်ကိုလည်း ယခုလိုပဲ သိရှိရပါသည်။

"ကျွန်တော်ကတော့ ယာဉ်မောင်း ကိုကျော်ဝင်းဖြစ်ပါတယ်။ ဒီနေ့ ဆရာတော်နှစ်ပါး ဘဒ္ဒန္တမုနိန္ဒာဘိဝံသနှင့် ဘဒ္ဒန္တဂုဏိကာဘိဝံသ ရွာမှာဓမ္မာရုံကိစ္စအကြောင်းအကျိုးလေးတွေ ရှိတဲ့အတွက်ကြောင့် ကျွန်တော်နဲ့အတူ ဆရာတော်နှစ်ပါးကြွလာပါတယ်။ ကမ္မရွာအထွက်မှာ PDF အကြမ်းဖက်သမားက သေနတ်နဲ့ ခုနစ်ချက်ပစ်တဲ့အတွက်ကြောင့် ဆရာတော်ဦးမုနိန္ဒာဘိဝံသ ပျံလွန်တော်မူပြီး ဦးဂုဏိကာဘိဝံသနဲ့ ကျွန်တော်ကတော့ လက်အကြီး အကျယ် ဒဏ်ရာရပြီး တပ်မတော်ကကုသ ဆောင်ရွက်ပေးနေပါတယ်။"



ယာဉ်မောင်း ဦးကျော်ဝင်း

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟာန (ငြိမ်း)နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟာန(ငြိမ်း) ဆရာတော် နှစ်ပါးတို့သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် (ရွှေကျင်နိကာယ ဗဟိုဌာန)၌ ၂၀၂၄ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျင်းပပြုလုပ်မည့် ရွှေကျင်နိကာယ ဗဟိုဌာန၏ အစည်းအဝေးတွင် အကြိုညှိနှိုင်း ဆောင်ရွက်ရန် ရန်ကုန်မြို့မှ လေယာဉ်ဖြင့် တံတားဦးလေဆိပ်သို့ ယနေ့ နံနက် ၁၀ နာရီတွင် ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် ကန်သုံးဆင့်ဆရာတော်၏ ဇာတိဖြစ်သော ငါန်းဇွန်မြို့နယ် ကမ္မရွာသို့ တံတားဦး- ငါန်းဇွန်- သကျင်- ကမ္မလမ်းကြောင်းအတိုင်းမော်တော်ယာဉ်ဖြင့် သွားရောက်စဉ် အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကို ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ကမ္ဘောဇဘဏ်(၁)ကို ဝင်ရောက်လုယက်ဓားပြတိုက်သည့်အဖွဲ့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်စီးနင်းဖမ်းဆီးရာ အကြမ်းဖက်သမားတစ်ဦးအား ငွေကျပ် ၃၀၃၁ သိန်းနှင့်အတူ အသေဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၉

စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ကမ္ဘောဇဘဏ်(၁)၌ ဇွန် ၁၉ ရက် ညနေ ၄ နာရီခွဲခန့်တွင် အကြမ်းဖက် အမျိုးသားလေးဦး(စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး လုယက်ဓားပြတိုက်နေကြောင်း သတင်းအရ မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းလှည့်ကင်းအဖွဲ့များဖြင့် တရားခံများဖမ်းဆီးရမိရေး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြသည်။








စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ကမ္ဘောဇဘဏ်(၁)ကို ဝင်ရောက်လုယက်ဓားပြတိုက်ခဲ့သည့်အဖွဲ့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းဖမ်းဆီးခဲ့ရာမှ သက်သေခံပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် ပူးပေါင်းလှည့်ကင်းအဖွဲ့သည် ကမ္ဘောဇဘဏ် (၁)သို့ ရောက်ရှိပြီး ဝင်ရောက်စီးနင်းဖမ်းဆီးရာ လုယက်ဓားပြတိုက်သူ အကြမ်းဖက်သမား အမျိုးသားတစ်ဦးအား အသေဖမ်းဆီးရမိသည့်အပြင် ၎င်းတို့ ဓားပြတိုက်ယူဆောင်ထားသည့် ငွေကျပ် ၃၀၃၁ သိန်း၊ လက်ကိုင်ဖုန်း နှစ်လုံးနှင့် လုယက်ဓားပြတိုက်ရာတွင် အသုံးပြုသည့် လက်လုပ်ပစ္စတိုတစ်လက်၊ ၉ မမကျည် ကိုးတောင့်၊ ဗုံးသီး(စိစစ်ဆဲ) တစ်လုံး၊ ဆိုင်ကယ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

စိစစ်ချက်အရ ဘဏ်အား ဝင်ရောက်လုယက်ဓားပြတိုက်သူများမှာ ပေါင်းလှရွာအခြေပြု စစ်ကိုင်းခရိုင် PDF တပ်ရင်း(၂) ဆင်ရိုင်း(ခ)ခိုင်ဇော်လင်း ဦးဆောင်သော အဖွဲ့ဖြစ်ကြောင်းနှင့် အသေဖမ်းဆီးရမိသည့် အကြမ်းဖက်သမားမှာ ၎င်းအဖွဲ့မှ ကိုနောင်ဖြစ်ကြောင်း သိရသည်။

လုယက် ဓားပြတိုက်မှုမှ ထွက်ပြေးလွတ်မြောက်လျက်ရှိသည့် ဖမ်းဆီးရန်ကျန်ရှိသည့် တရားခံများအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ဝင်/မြို့ထွက်နေရာများအားပိတ်ဆို့၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သတင်းစဉ်

# ဒုတိယအကြိမ် ဗုဒ္ဓဂယာ ခရီးသွားမှတ်တမ်း

မြတ်သာထွန်း(ရွှေစံပြ)

ပထမတစ်ခေါက်ရောက်စဉ်ကပင် ရေးရန်ကြံရွယ်ခဲ့သော ခရီးသွားမှတ်တမ်းကို ယခုတစ်ခေါက်မှသာ ရေးသားဖြစ်ပါသည်။ လွယ်လင့်တကူ သွားလာနိုင်သော ကာလတွင် ရောက်ခဲ့ရသော ပထမခေါက်ခရီးဖြစ်၍ သွားဖူးသူ၊ ရောက်ဖူးသူများလောက်ပါပြီဟု စိတ်လျှော့ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင်မက မိမိထက် ဗဟုသုတရော၊ အရေးအသားပါ ပိုကောင်းမည့် ဆရာကြီးများရေးသားခဲ့ကြပြီး ရေးသားကြလိမ့်မည်ဟု ယုံကြည်ခဲ့၍လည်း မရေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုဒုတိယခေါက်သွားရန် ကြံစည်သောအခါ ပတ်စပို့(နိုင်ငံကူးလက်မှတ်) သက်တမ်းတိုးရန် မုံရွာသွားခြင်းသည်ပင် စွန့်စားခန်းတစ်ခုဖြစ်ပါသည်။ မသွားမဖြစ်၍သာ သွားရသည် ကျွန်တော်ရသောပရိတ်၊ ဘုရားစာများစုံအောင် ရွတ်ဖတ်သွားခဲ့ရသည်။ သမ္မာဒေဝနှင့် အကျိုးဆောင်များကောင်းမှုကြောင့် တစ်ခေါက်နှင့်ပြီးခဲ့ခြင်းသည် မင်္ဂလံ မင်္ဂလာမည်ပါပေ၏။ မုံရွာ ကားဆရာနှင့် မိတ်ဆက်ပေးသော မိတ်ဆွေအငြိမ်းစားညွှန်ကြားရေးမှူး ကိုဆွေတင့်၊ ပို့ဆောင်ပေးခဲ့သော ကားဆရာများသာမက အကျိုးဆောင်များသည်လည်း ကောင်းကျိုးထပ်တူရကြပါစေ အမျှဝေပါ၏။ များထွေလှစွာ ရွှေမြန်မာတို့ သာယာအေးချမ်း ဘဝလမ်းကို လျှောက်လှမ်းနိုင်ကြပါစေသော်။

ရန်ကုန်မြို့မှ ထွက်ခွာမည့်နေ့မတိုင်မီ နှစ်ရက်စော၍ ရွှေဘိုမှ ထွက်ရသည်။ ရက်ကပ်မှ သွားလာပါက လမ်းပိတ်လျှင် ပေးထားသော စရန်ငွေများ ဆုံးပါးနိုင်သည် မဟုတ်ပါလား။ ရောက်ဖူးသော ခရီးအတွက် ရင်မခုန်လှသော်ငြား ယခုတစ်ခေါက်သွားရမည့်ကာလ မတ်လ ဒုတိယပတ်နှင့် တတိယပတ်သည် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲမဲဆွယ်ကာလနှင့် ကြုံကြိုက်သဖြင့် စိတ်လှုပ်ရှားမိပါသည်။ ဝန်ကြီးချုပ် မိုဒီအတွက် တတိယအကြိမ်မြောက် အောင်ပွဲခံနိုင်ပါမည်လား။ အာဏာရပါတီ ဘီဂျေပီ၏ မဲဆွယ်ပွဲများ မည်သို့ရှိမည်နည်း။

မင်္ဂလာဒုံလေဆိပ်၏ ခမ်းနားထည်ဝါမှုနှင့်အတူ ခဏတာခွဲခွာရမည်ဖြစ်သော်လည်း ကိုယ့်မြေကိုယ့်ရေ၏ သံယောဇဉ်က လွမ်းချင်စဖွယ်ခံစားချက်ကို ပေးသည်။ လေဆိပ်တာဝန်ရှိသူများ၏ တာဝန်အရ ဆောင်ရွက်ချက်များကို ဖြတ်သန်းရင်း မျက်နှာကြောတင်းသည့် ပြည်ပနိုင်ငံဝန်ထမ်းများနှင့် တွေ့ရမည့်အရေး အနည်းငယ်ဝန်လေးမိသေးသည်။ တံတားဦးလေဆိပ်ဝန်ထမ်းများကတော့ ဆုံဖန်များ၍ ဆွေမျိုး၊ မိတ်ဆွေများနှင့် ပြန်တွေ့ရသကဲ့သို့ စိတ်ချမ်းမြေ့ဖွယ်ကောင်းလှသည်။ မည်သို့ဆိုစေ တာမီနယ်ဝမ်းသို့ ရောက်သည်နှင့် ဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးကုမ္ပဏီမှ လာကြိုသဖြင့် အချိန်စောင့်ရသည်မှတစ်ပါးပြုဖွယ်ကိစ္စများ ချောမွေ့စွာ ပြီးစီးခဲ့ပါသည်။ မဟောသီအတွက် လေဆိပ်အတွင်း အသွား၊ အပြန် ဝှီးချဲ တွန်းခ ဒေါ်လာ ၅၀ ထပ်မံပေးဆောင်ရသည်။ ဘန်ကောက်သွားစဉ်က ဝှီးချဲတွန်းခမှာ ဒေါ်လာ ၂၀ သာ ကျခဲ့သည်။ လေကြောင်းလိုင်းခြင်း မတူညီ၍လော ဈေးတက်၍လော မသိရပါ။

MAI လေကြောင်းလိုင်းသည် သတ်မှတ်ထားသော နေ့လယ် ၂ နာရီ ၁၅ မိနစ်တွင် မင်္ဂလာဒုံလေဆိပ်မှ ပျံတက်ခဲ့ပါသည်။ အမြင့်ပေပေါင်း ၃၀၀၀၀ ခန့်တွင် လေယာဉ်ငြိမ်သက်စွာ ပျံသန်းသည်နှင့် နေ့လယ်စာကျွေးပါသည်။ လေယာဉ်မယ်လေးများက ကြက်သားမြီးရှည်နှင့် ငါးထမင်းကြော်ကြိုက်ရာ စားနိုင်သည်ဟုဆိုသည်။ လေယာဉ်ပေါ်တွင် မြီးရှည်ကျွေးသည်ဟု မကြားဖူးသဖြင့် နားကြားမှားသည်ထင်ကာ ငါးထမင်းကြော်မှာစားသည်။ ပျံသန်းချိန် ၂ နာရီ ၁၀ မိနစ်ခန့်တွင် ဂယာလေဆိပ်သို့ ဆင်းသက်ပါသည်။ လူဦးရေ ၂၀၀ ခန့်စီးနိုင်သည့် ဂျက်လေယာဉ်ကြီးဖြစ်သဖြင့် အတက်အဆင်း ညင်သာသည်။ ပိုင်းလော့ဆရာများ၏ ကျွမ်းကျင်မှုကိုလည်း လေးစားရသည်။ ဘီးအတင်အချတွင် တကျိုကျိုမြည်သံ ကျယ်လောင်ခြင်းကတော့ လေယာဉ်စစ်ဆေးသော အင်ဂျင်နီယာများနှင့် သက်ဆိုင်မည်ထင်သည်။ လွန်ခဲ့သော ၅ နှစ်ခန့်က ရောက်ခဲ့သည့် ဂယာလေဆိပ်နှင့် မတူတော့ပါ။ အတန်အသင့်အဆင့်အတန်းရှိသော လေဆိပ်အဆောက်အအုံသစ်ကို တွေ့ရသည်။ အမျိုးသမီးအတွက် ဝှီးချဲအလာကို စောင့်ပြီး ဆင်းရသဖြင့် နောက်ဆုံးမှ ဆင်းရသည်။ လဝက၏ စစ်ဆေးမှု ခံယူရန်အသွားတွင် ယူနီဖောင်းဝတ်မဟုတ်သော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးက ကျွန်တော်သွားရမည်နှင့် ဆန့်ကျင်ဖက်အရပ်သို့ A Few minutes ဟု ပြောကာ သွားခိုင်းသည်။ ဘောလိဝုဒ်ဇာတ်ကားများတွင် ပါလေ့ရှိသော အိန္ဒိယလျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ 'RAW'ကများ လူများခေါ်လေသလော။ အိန္ဒိယက အင်္ဂလိပ်စကားပေါက်သဖြင့် ကျွန်တော်က 'What's wrong?' ဟု မေးသော်လည်း ပြန်မဖြေကြသဖြင့် စွန့်စားခန်း တစ်ခုကြုံရပေပြီဟု ထင်မိသည်။ မှန်ပါသည်။ တစ်နေရာတွင် ထိုင်ခိုင်းကာ အာခေါင်နှင့် နှာခေါင်း အတွင်းသို့ ဂွမ်းလိပ်တပ်ထားသော တုတ်ချောင်း လေးများ ထိုးထည့်ကာ တို့ဖတ်ယူပြီး ကိုဗစ်စစ်ဆေးခြင်းဖြစ်သည်။ ကျွန်တော်၏ Arrival Form ကို ဓာတ်ပုံရိုက်ယူပြီးနောက် Okay ဆိုမှ သက်ပြင်းချနိုင်တော့သည်။ အံ့ဖွယ်အိန္ဒိယပါတကား။ ထိုမှ လဝကကောင်တာရောက်သောအခါ လက်ဗွေယူခြင်းကို အလိုက်သင့်မဆောင်ရွက်တတ်သော ဘုရားဖူးမြန်မာများကို အတော်ကြာအောင် တန်းစီစောင့်ဆိုင်းရသည်။ မည်သို့ဆိုစေ ဘုရားအဆူဆူ ပွင့်တော်မူခဲ့ရာ မြေမြတ်မဟာသို့ အောင်မြင်စွာ ခြေချနိုင်ခဲ့လေပြီ။

**ဗာရာဏသီသို့ -**

ဂယာရှိ မြန်မာဘုန်းကြီးကျောင်းတွင် ညအိပ်တည်းခိုသည်။ မြို့ထဲပိုင်းကျသော နေရာတွင် တည်ရှိသဖြင့်လည်းကောင်း၊ ကုလားဘုရားပွဲနှင့် ကြုံကြိုက်သဖြင့်လည်းကောင်း နားဒုက္ခကို ကောင်းကောင်းကြီးခံရသည်။ မြန်မာစံတော်ချိန်ထက် တစ်နာရီနောက်ကျသော အိန္ဒိယစံတော်ချိန် ည ၁၁ နာရီမှသာ အသံချဲ့စက်သံ၊ ဆောင်းဘောက်သံများ တိတ်သွားသည်။ အိပ်ပျော်လိုက်၊ ပြန်နိုးလိုက်နှင့် နံနက် ၄ နာရီရောက်သောအခါ အခန်းဖော်က မီးထဖွင့်ကာ အထုပ်အပိုးပြင်သဖြင့် အိပ်ယာသိမ်းရတော့သည်။ နံနက်စာကို နံနက် ၅ နာရီ ၁၅ မိနစ်ခန့် ကျွေးမည်ဆိုသော်လည်း အဆင်သင့်မဖြစ်သဖြင့် နံနက် ၅ နာရီ ၄၅ မိနစ်မှ စားကြရသည်။ ထမင်းစားရန် စောင့်ဆိုင်းစဉ်လည်း မန္တလေးသားများကဲ့သို့ လက်ကိုအနားမပေးဘဲ ယင်ကမောင်းရသေးသည်။ ထမင်းစားပြီးသည်နှင့် ဗာရာဏသီမြို့သို့ ကားဖြင့် ထွက်ခဲ့ပါတော့သည်။ ကားမောင်းချိန် ၃ နာရီခန့်ကြာလျှင် ကျန်းမာရေး အပေ့ါအပါးသွားရန်နှင့် နေ့လယ်ထမင်းစားချိန်သာ ကားရပ်သည်။ ၇ နာရီခန့် ကားမောင်းလာခဲ့ရာ အိန္ဒိယ၏ ဂင်္ဂါဝင်မြစ်ကြီးဖြစ်သော မိုင်ပေါင်း ၁၅၀၀ ကျော်ရှည်လျားသည့် ဂင်္ဂါမြစ်နှင့် ဗာရာဏသီကို လှမ်းမြင်ရသည်။ မကြာမီ ဗာရာဏသီမြို့ထဲမှ ချောက်ခဏ္ဍီစေတီသို့ ရောက်ရှိဖူးမြော်ကြရသည်။ ထိုစေတီနေရာသည် မြတ်စွာဘုရား သမ္မာသမ္ဗောဓိရွှေဉာဏ်တော်ရကာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး မည်သူ့ကို ပထမဦးဆုံး တရားချီးမြှင့်ရမည်နည်းဟု ဆင်ခြင်တော်မူရာ ဆရာတော်ခဲ့ဖူးသော ရသေ့ကြီးနှစ်ပါးမှာ ပျံလွန်တော်မူကြသဖြင့် ကျေးဇူးရှိဖူးသော ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောရန်ကြွအလာတွင် မကြိုဆိုကြရန် တိုင်ပင်ထားသော ပဉ္စဝဂ္ဂီငါးဦးသည် မြတ်စွာဘုရားရှင်အမှန်တကယ်ကြွရောက်လာသောအခါ မနေနိုင်ကြတော့ဘဲ သူ့ထက်ငါဦးအောင် ခရီးဦးကြိုဆိုခဲ့ရာနေရာအထိမ်းအမှတ်စေတီဖြစ်ပါသည်။ စေတီအပေါ်ပိုင်းမှ ရှစ်မြှောင့်ပုံအဆောက်အအုံလေးမှာ မဂိုဘုရင်စစ်ရှုံးစဉ်က ဤစေတီတွင် လာရောက်ပုန်းခို၍ အသက်ချမ်းသာရာ ရဖူးသဖြင့် ၎င်း၏သား နန်းတက်သောအခါ ကျေးဇူးဆပ်သည့် သဘောဖြင့် တည်ခဲ့သော အဆောက်အအုံဟု သိရှိရပါသည်။



ထိုမှထွက်ခွာခဲ့ပြီးသောအခါ ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဦးဟောကြားရာ မိဂဒါဝုန်တောသို့ ရောက်ရှိသည်။ နေ့လယ်ပိုင်းဖြစ်၍ နေပူသော်လည်း ဝင်ကြေးပေး ဝင်ရောက်ရသည့် မိဂဒါဝုန်တောကား စည်ကားလှသည်။ မြန်မာများသာမက သီရိလင်္ကာမှ လာသောအဖွဲ့များ၊ အနောက်တိုင်းတိုးရစ်များပါ တွေ့ရသည်။ တရားဦးဟောကြားသည့်နေရာ အထိမ်းအမှတ်အဖြစ် အသောကမင်းကြီးတည်ခဲ့သောနေရာတွင် ဓမ္မစကြာတရားကို စုပေါင်းရွတ်ဆိုပူဇော်ကြပါသည်။ သမင်များမွေးထားသော မိဂဒါဝုန်တော၏ မြောက်ဘက်ပိုင်းသို့လည်း သွားကြည့်ကာ မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။ မိဂဒါဝုန်တောမှ ထွက်ခဲ့ရာ ခြေကျင်လျှောက်၍ သီရိလင်္ကာမှ ပင့်ဆောင်ခဲ့သော ဗောဓိညောင်ပင်သို့ သွားရောက်ပူဇော်ကြသည်။ ဗောဓိညောင်ပင်ကို လက်ျာရစ်လှည့်လည်ပြီးနောက် ညောင်ပင်အောက်တွင် မြန်မာ့လက်ရာ ပဉ္စဝဂ္ဂီငါးပါးအား ကုမ္ပဏီမှ အဆင်သင့်ယူဆောင်လာသော ရွှေသင်္ကန်းဖြင့် ပူဇော်ကြသည်။

ဗောဓိညောင်ပင်သည် ဖွားဖက်တော်ထဲတွင် တစ်ပါးပါဝင်သဖြင့် ပရိဘောဂစေတီ ထိုက်သည်။ ညောင်ရွက်ခြွေချခြင်း မပြုလုပ်ရန် တင်းကြပ်စွာ တားမြစ်သည့် အင်္ဂလိပ်လို ဆိုင်းဘုတ်တစ်ခု တွေ့ရသည်။ တရုတ်နှင့် ဂျပန်နိုင်ငံတို့တွင် မည်သည့်သစ်ပင်ကိုမျှ အကြောင်းမဲ့ သစ်ရွက်ခြွေခြင်း၊ သစ်ကိုင်းခုတ်ခြင်းများ မပြုလုပ်ရန် ဥပဒေဖြင့် တားမြစ်ထားသည်ကို သတိရမိသည်။ ကျွန်တော်တို့လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာများကို ကျောင်းသင်ခန်းစာတွင် ထည့်သွင်းသင့်သည့်အချိန် ရောက်နေပါပြီ။ ကပ်လျက်ရှိသော သီရိလင်္ကာဓာတ်တော်တိုက်ကို ဝင်ရောက်ဖူးမြော်သောအခါ အတွင်းမှ ရုပ်ပွားတော်အနီးထိ ဗုဒ္ဓဘာသာများကိုသာ ဝင်ခွင့်ပြုပြီး လုံခြုံရေးကတားဆီးကြိုး ဖွင့်ပေးသည်။ ရုပ်ပွားဆင်းတုတော်ကို လက်ျာရစ်ပူဇော်ပြီး စိတ်ကြည်နူးစွာ အလှူငွေထည့်ဝင်ခဲ့သည်။ တည်းခိုမည့် ဘုန်းကြီးကျောင်းသို့ မသွားမီ ဈေးဝယ်ရန် မြန်မာစကားဖြင့် ဝယ်၍ရသည့်ဆိုင်သို့ ပို့ပေးသည်။ ကျွန်တော်၏ ပထမခေါက်အတွေ့အကြုံများအရ ဈေးမသက်သာကြောင်း သိသဖြင့် ဖိဆစ်ရာ ကျွန်တော့်ကို ဖော်ဖော်ရွေရွေရောင်းချပေးခြင်းမရှိတော့ပေ။ အခြားသူများမှာ ၈၀ ရာခိုင်နှုန်း လျှော့ဈေးရသကဲ့သို့ များစွာဝယ်ယူကြလေသည်။ ထိုဆိုင်ကလည်း ဗုဒ္ဓဂယာဘုရားဖူးပို့သည့် ကုမ္ပဏီတော်တော်များများနှင့် ချိတ်ဆက်ထားဟန်ရှိသည်။ မိုးချုပ်မှသာ ထိုဆိုင်မှ ထွက်ခွာ၍ တည်းခိုရာ မြန်မာဘုန်းကြီးကျောင်းသို့ ရောက်ရှိကြသည်။

ဘုန်းကြီးကျောင်းသွားရာလမ်းတွင် မဲဆွယ်ပွဲနှင့် တွေ့သေးသည်။ လမ်းတစ်လျှောက်လုံးတွင် ဝန်ကြီးချုပ်မိုဒီပုံ ဗီနိုင်းများ တွေ့ရသည်။ အများအားဖြင့် ၁၅ ပေ၊ ၈ ပေခန့် အရွယ်အစားများဖြစ်သည်။ အတိုက်အခံပါတီ၏ ဗီနိုင်းများကို သိပ်မတွေ့ရပါ။ အာဏာရပါတီ ဘီဂျေပီ၏ အဖွဲ့သားများဟု ယူဆရသူများကိုသာ တူညီဝတ်စုံ၊ ဦးထုပ်များဖြင့် နှစ်ဖွဲ့တွေ့ခဲ့ရသည်။ ဝန်ကြီးချုပ် မိုဒီ၏ သုံးကြိမ်မြောက် အောင်ပွဲအတွက် စတင်စည်းရုံးနေကြပြီဖြစ်သည်။

**သာဝတ္ထိသို့**

နံနက်စောစောထွက်ခွာနိုင်ရန် စောစောထကြပါလို့ အုပ်စုခေါင်းဆောင်က ဆော်ဩသဖြင့် စောစောထကြသော်လည်း နံနက်စာအဆင်သင့်မဖြစ်သဖြင့် စောင့်စားရင်း ထုံးစံအတိုင်း နံနက် ၆ နာရီထိုးပြီးမှသာ ဗာရာဏသီဘုန်းကြီးကျောင်းမှ ထွက်ခွာနိုင်သည်။ သာဝတ္ထိသို့ အသွားတွင် ဟိန္ဒူလူမျိုးများအထွတ်အမြတ်ထားရာ ဂင်္ဂါမြစ်၏ သတ်မှတ်နေရာသို့ လှေ့လာခွင့်ရခဲ့သည်။ မှတ်ဆိတ်ကျင်စွယ်နှင့် ဆာဒူးများ တန်းစီအလှူခံလျက်ရှိသည်။ မော်တော်ကားရော မီးရထားပါ တစ်ပြိုင်နက် အထက်အောက်ခြား၍ ဖြတ်သန်းနိုင်သော မြစ်ကူးတံတားကို နောက်ခံထား၍ အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။ အိမ်သာသွားချင်သော်လည်း ဓာတ်ခွဲခြားတတ်သည့် သူတို့ဓလေ့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်စိုးသဖြင့် ထုံးစံအတိုင်း လမ်းဘေးတွင် ကားကွယ်၍ အပေ့ါသွားခဲ့ရသည်။

နေ့လယ်စာစားချိန်တွင် ရာမဘုရားရုပ်တုရှိသည့် မြို့သို့စတင်ဝင်ရောက်ချိန်ဖြစ်ပါသည်။ မြို့နာမည် မသိသဖြင့် Google Maps ကြည့်ရာ မကြာမီက ဝန်ကြီးချုပ် မိုဒီလာရောက်ခဲ့သည့် Ayodya အယို့ဒယာ့မြို့ဖြစ်နေသည်။

ဆက်လက်ဖော်ပြပါမည်-

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ဗီယက်နမ်ရုပ်ရှင် Mai ကို ပရိသတ်လှူကြိုက်များ

ဗီယက်နမ်ရုပ်ရှင်ကား Mai ကို ပရိသတ်လှူကြိုက်များ အားပေးမှုများပြား၍ IMDb တွင် ၆ ဒသမ ၈ ရရှိထားသည်အထိ အားပေးထားကြသည်ဟု ဟောလီဝုဒ်အတ်ဒီတ်တွင် ဖော်ပြသည်။




ရုပ်ရှင်မှာ မြင်တွေ့နေကျ ဒရမ်မာဇာတ်လမ်းမျိုးဖြစ်သော်လည်း အနုပညာအဆင့်အတန်းမြင့်မားမှုကို တွေ့ရကာ ဗီယက်နမ်အနုပညာလောကမှ ဖန်တီးထားသည့် လက်ရာဖြစ်ပြီး ကင်မရာအယူအဆနှင့် အဆွေးပုံရိပ်များ ရိုက်ပြ၍ လက်စွမ်းပြထားသည်။

အဆိုပါ ရုပ်ရှင်ပထမပိုင်းတွင် ဇာတ်ကောင်အမျိုးသမီးလေး၏ အခက်အခဲကျော်လွှားခဲ့သည့် ပုံစံများကို ရိုက်ပြထားပြီး သူ၏ ဖောက်သည်အမမှာ သူချစ်သူ၏ အမေဖြစ်နေကာ ဇာတ်အလယ်ပိုင်းတွင် သားဖြစ်သူနှင့်ခွဲရန် ဖိအားပေးခဲ့ရပြီး အတိတ်ပုံရိပ်များကိုပြ၍ ချစ်သူနှင့်ခွဲရန် ကြိုးစားခဲ့ပုံနှင့် ဇာတ်သိမ်းတွင် ဇာတ်နာသော အမျိုးသမီးလေးအဖြစ် ပြသသွားခဲ့သည်။

ရုပ်ရှင်ဝေဖန်သူများက အားမလို အားမရဖြစ်ကျန်ခဲ့ကြပြီး ဒီထက်ပို၍ ပြသနိုင်သေးသည်ဟု ဆိုရလောက်အောင် ဗီယက်နမ်ဒါရိုက်တာက လက်စွမ်းပြသထားသည်။

(SKY)



## ညနေပိုင်းကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါက ဆီးချိုရောဂါကို ကြိုတင်ကာကွယ်နိုင်မည်

စပိန်နိုင်ငံ ဂရန်နာဒါတက္ကသိုလ်မှ အန်တိုနီယိုကလာဗေရိဂျိမေနီနှင့် ဂျိုနာတန်ရူအစ်ဇ်တို့ ဦးဆောင်သော သုတေသီများသည် မကြာသေးမီက ကိုယ်လက်လှုပ်ရှားမှုကို နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်နှစ်မျိုးခွဲ၍ လေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရာမှ ညနေပိုင်းတွင် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါက ဆီးချိုရောဂါကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

အထူးသဖြင့် အဝလွန်နေသော အမျိုးသား၊ အမျိုးသမီးများ ညနေဖိနာရီမှ ညသန်းခေါင်အကြားအချိန်ပိုင်းတွင် သင့်တင့်ရုံဖြစ်စေ၊ ပြင်းထန်စွာဖြစ်စေ လမ်းလျှောက်ခြင်း ရှူရှူပြေးခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှုများပြုလုပ်လျှင် ဆီးချိုရောဂါကို ကြိုတင်ကာကွယ်နိုင်ရုံသာမက ကိုယ်အလေးချိန်ကိုလည်း ကျဆင်းစေမည်ဖြစ်ကြောင်း ဂျိုနာတန်ရူအစ်ဇ်က ရှင်းပြသည်။

ယင်းစပိန်သုတေသီများသည် ဝဖြိုးနေသော အဝလွန်နေသော အမျိုးသား၊ အမျိုးသမီး ၁၈၆ ဦးတို့ကို လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SCI

## Rain ၏ ချစ်မြတ်နိုးတန်ဖိုးထားမှုကို ပရိသတ်အားကျနေကြ

အဆိုတော်၊ သရုပ်ဆောင်၊ ထုတ်လုပ်သူ ရိန်းက ချစ်ဇနီးကို ချစ်မြတ်နိုးတန်ဖိုးထားပြီး ရအောင်ယူခဲ့ရာမှ ယနေ့အထိ တန်ဖိုးထားချစ်မြတ်နိုးမှုကို လူတိုင်းအားကျနေကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရိန်း(ခေါ်)ဂျောင်ဂျီဟွန်မ်က ရသစုံအစီအစဉ်တွင် သူနှင့် ချစ်ဇနီး ကင်ထယ်ဟီးတို့ စတင်တွေ့ဆုံပုံနှင့် သူ၏ ချစ်မြတ်နိုး တန်ဖိုးထားမှုကို ရင်ဖွင့်ပြောကြားခဲ့ရာ ပရိသတ်များ အားကျနေကြသည်။



ရိန်းက ရိုက်ကွင်းတစ်ခုတွင် ကင်ထယ်ဟီးကိုမြင်၍ သဘောကျခဲ့ပြီး ထမင်းအတူစားရန် ဖုန်းဆက်ခဲ့သော်လည်း အငြင်းခံရ၍ ဇာတ်လမ်းပြီးခဲ့ရသည်။ တစ်နှစ်ခန့်အကြာ သင်တန်းအားလပ်ရက်ရ၍ ဖုန်းမှားခေါ်မိရာမှ ထမင်းအတူစားရန် လက်ခံခဲ့၍ ဇနီးမောင်နှံဖြစ်ခဲ့ရကြောင်း ရင်ဖွင့်ထားသည်။

လက်ရှိ သမီးနှစ်ဦးနှင့် ဇနီးသည် ကင်ထယ်ဟီးအပေါ် ချစ်မြတ်နိုးတန်ဖိုးထားမှုရှိပြီး စံပြခင်ပွန်းအဖြစ် အသိအမှတ်ပြုခံထားရသဖြင့် ရိန်း၏ ချစ်မြတ်နိုးတန်ဖိုးထားမှုကို ပရိသတ်အားကျမဆုံး ဖြစ်နေကြသည်။

(SKY)



## BTS မှ Jin @ Kim Seok Jin သင်တန်းပြန်ကြိုဆိုပွဲ အထိမ်းအမှတ် ကျင်းပထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်သည် အရင်ဦးစွာ သင်တန်းဆင်းသွားခဲ့ပြီး အစောဆုံးပြီးဆုံးခဲ့၍ ပရိသတ်များက သင်တန်းပြန်ကြိုဆိုပွဲ အထိမ်းအမှတ်ကို ခမ်းနားစွာ ပြင်ဆင်ကျင်းပထားကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယင်းသင်တန်းပြန် ကြိုဆိုပွဲအထိမ်းအမှတ်အဖြစ် ပရိသတ်များက သင်တန်းရှေ့တည့်တည့်ရှိ ကော်ဖီဆိုင်တွင် အတွင်းခန်းလုံးပြည့် ဂျင်ဓာတ်ပုံများနှင့်အလှဆင်ပေးထားသည်။

ဇွန် ၆ ရက်မှ ၁၂ ရက်အတွင်း ကော်ဖီဆိုင်လာသမျှ သင်တန်းသားအားလုံးကို ကော်ဖီအခမဲ့သောက်ခွင့်ပေးခဲ့ပြီး အသွားအပြန်လမ်းတစ်လျှောက်တွင်သာမက ကော်ဖီဆိုင်တစ်ဝိုက်တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပြန်လာသည့် ဂျင်(ခေါ်) ကင်ဆွတ်ဂျင်ကို ကြိုဆိုသည့် အထိမ်းအမှတ်ပိုစတာများ၊ ဓာတ်ပုံများနှင့် ဝေဆာစွာ ပြင်ဆင်ပေးထားကြသည်။

(SKY)

## Twice မှ Sana အမြဲပြုံးရယ်နေခြင်းနောက်ကွယ်မှ အကြောင်းရင်းရှိ

အမျိုးသမီးကေပေါ့ပ်အဖွဲ့ တွိုက်စ်အဖွဲ့ဝင်ဆာနာသည် အဖွဲ့တွင် အမြဲပြုံးရယ်နေတတ်ပြီး တောက်ပသည့်သူဖြစ်သော်လည်း နောက်ကွယ်တွင် ခက်ခဲပင်ပန်းခဲ့သည့်အကြောင်းရင်းများရှိခဲ့သည်ကို ရင်ဖွင့်ပြောကြားထားသည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆာနာသည် အရာရာကို အကောင်းမြင်တတ်ကာ ဘဝကို အရှုံးမပေးဘဲ ပေးဆပ်ခဲ့ရသည့် အရာများစွာရှိရာ အသက် ၁၅နှစ်နှင့် မိဘများနှင့်ခွဲကာ ကိုရီးယားရောက်ခဲ့ပြီး ဂျေပိုင်ပီမှ စစ်ဆေးမှု အောင်မြင်ခဲ့၍ ဂျပန်မှ ရောက်ရှိလာခဲ့ပြီး SixMixနှင့် ပွဲဦးထွက်ရှိခြင်းမလုပ်မီ ပျက်စီးခဲ့ကာ Twice အဖွဲ့နှင့် ပွဲဦးထွက်၍ ဖိအားများခဲ့သည်။

တွိုက်အဖွဲ့တွင် အတောက်ပဆုံးနှင့် အပျော်တတ်ဆုံး အပြုံးပိုင်ရှင်လေးဖြစ်ရန် စိတ်ခံစားချက်များကို မျိုသိပ်ထားပြီး ရုန်းကန်ခဲ့ရာမှ အဖွဲ့ဝင်မိုမိုနှင့်အတူ ဂီတခရီးဆက်ခဲ့ကြကာ အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်သည်။

(SKY)



## Jacklin က ကမ်းခြေအနီး အမှိုက်ကောက်လှုပ်ရှားမှုပြုလုပ်

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် လမ်းပေါ်စည်းကမ်းမဲ့အမှိုက်ပစ်မှု အများဆုံးနိုင်ငံများတွင် ပါဝင်ခဲ့ပြီး ဘောလိဝုဒ်အနုပညာရှင်များက ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လှုပ်ရှားမှုများစွာ ပြုလုပ်ခဲ့ကြရာ မင်းသမီး ဂျက်ကလင်းလည်း ပါဝင်ခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒီတ်တွင် ဖော်ပြသည်။

အပျိုကြီးအနုပညာရှင်ဂျက်ကလင်းသည် စလေမန်ခန်ကို နှစ်သက်သူဖြစ်၍ သူ၏ အိမ်ရှေ့ကမ်းခြေအနီးတွင် အမှိုက်ကောက်လှုပ်ရှားမှုတစ်ခု ပြုလုပ်ခဲ့သည့်အတွက် ပရိသတ်စိတ်ဝင်စားမှုရရှိခဲ့သည်။



ဘောလိဝုဒ်အနုပညာရှင်များက ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရန်အတွက် အမှိုက်ကောက်လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြပြီး ပြည်သူကို ပူးပေါင်းလှုပ်ရှားကြရန် ဆွဲခေါ်ခဲ့ကြရာ အပျိုကြီး ဂျက်ကလင်းလည်း ပါဝင်ခဲ့ပြီး စလေမန်ခန် အိမ်ရှေ့ကမ်းခြေအနီး အမှိုက်ကောက်လှုပ်ရှားမှုပြုလုပ်ခဲ့၍ ပရိသတ်သဘောကျနှစ်မြို့က်နေကြသည်။

(SKY)

## Jensen Ackles က Supernatural မင်းသားဖြစ်ပြီး ဇာတ်လမ်းတွဲသစ် စတင်

စီဒဗလျူရုပ်သံလိုင်း၏ ဇာတ်လမ်းတွဲ supernatural နှင့် အနုပညာလမ်းကြောင်းတစ်ဆစ်ချိုးပြောင်း၍ အောင်မြင်မှုများ ရရှိထားသည့် ဂျက်ဆန်အဲလက်စ်က ဇာတ်လမ်းတွဲသစ်တွင် ပါဝင်ထားသည်ဟု ဟောလိဝုဒ်အတ်ဒီတ်တွင် ဖော်ပြသည်။

ဂျက်ဆန်အဲလက်စ်သည် အမေဇုန်ပရိုင်မ် ဗီဒီယိုမှ ထုတ်လွှင့်ပြသမည့် ဇာတ်လမ်းတွဲသစ် Countdown တွင် အဓိကဇာတ်ကောင်နေရာမှ ပါဝင်မည်ဖြစ်သည်။

မိတ္တာနှင့်သူ supernatural တွင် ဆမ်ဝက်ချက်စတာ



အဖြစ် အစွမ်းပြခဲ့ပြီး ဇာတ်လမ်းတွဲသစ်တွင် ထူးဆန်းသည့် လူသတ်မှုတစ်ခုကို ဖော်ထုတ်စုံစမ်းစစ်ဆေးမည့် အထူးတပ်ဖွဲ့ဝင် အရာရှိအဖြစ် မြင်တွေ့ကြရမည်။

အပိုင်း ၁၃ ပိုင်းပါဝင်ပြီး ဇာတ်ညွှန်းဆရာ ဒရိတ်ဟတ်စ်က ဖန်တီးထားပြီး Amazon MGM studies နှင့် Chaos Machine ကုမ္ပဏီတို့မှ ပူးပေါင်းထုတ်လုပ်ခြင်းမရှိသေးဟု သိရသည်။

(SKY)

# ဧည့်သည်တော် ရုရှားသမ္မတ ပလာဒီမာပူတင်အား မြောက်ကိုရီးယားက ခမ်းနားသိုက်မြိုက်စွာ ကြိုဆို



**ပြုံယမ်း ဇွန် ၁၉**

ဇွန် ၁၉ ရက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့တော်သို့ အထူးလေယာဉ်ဖြင့် ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဧည့်သည်တော် ရုရှားသမ္မတဗလာဒီမာပူတင်အား မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းက ကော်ဇောနီခင်းပြီး ခရီးဦးကြိုပြုနှုတ်ဆက်ကာ ၎င်းတို့နှစ်ဦး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့သည်။

ထို့နောက် ဘောလုံးများ နှစ်နိုင်ငံအလံများ ဝှေ့ယမ်းနှုတ်ဆက်နေသော ကလေးများအပါအဝင် ပရိသတ်ကို ကားပေါ်မှ တုံ့ပြန်လက်ပြနှုတ်ဆက်ကာ ကွန်ဆူဆန်နိုင်ငံတော်ဧည့်ရိပ်သာသို့ ဆက်လက်သွားရောက်ခဲ့ကြသည်။

အဆိုပါ ဧည့်ရိပ်သာ၌ အဆိုပါ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံစဉ် သံတမန်ဆက်ဆံရေး၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း မြောက်ကိုရီးယားအခြေစိုက် ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတ ဗလာဒီမာပူတင်၏ ဤခရီးစဉ်နောက်ပိုင်းတွင် မြောက်ကိုရီးယားကို ရုရှားက နျူကလီးယားလက်နက်နည်းပညာနှင့် ဒုံးလက်နက်နည်းပညာ တိုးမြှင့်ထောက်ပံ့ကူညီမည်ကို အနောက်အုပ်စုက စိုးရိမ်နေကြောင်း သိရသည်။

Mon



## ဘရစ်ခ်စ်စီးပွားဘက်နိုင်ငံများအုပ်စုအတွင်းသို့ မလေးရှားနိုင်ငံ ဝင်ရောက်ရန် ပြင်ဆင်လျက်ရှိ

**ကွာလာလမ်ပူ ဇွန် ၁၉**

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိက ၅ နိုင်ငံ ဦးဆောင်ဖွဲ့စည်းထားသည့် ဘရစ်ခ်စ်စီးပွားဘက်နိုင်ငံများ အုပ်စုအတွင်းသို့ မလေးရှားနိုင်ငံ ဝင်ရောက်ရန် ပြင်ဆင်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများက အဆိုပါအုပ်စုထဲသို့ ဝင်ရောက်ရန် အသင့်ရှိနေကြသော်လည်း ဗီယက်နမ်နှင့် အင်ဒိုနီးရှား နှစ်နိုင်ငံက စဉ်းစားနေဆဲဟု ဆိုသည်။

မိမိတို့နိုင်ငံအနေဖြင့် ဘရစ်ခ်စ်အုပ်စုထဲသို့ ဝင်ရောက်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ရာ လျှောက်ထားမှု ဆက်လက်ဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်မ်က အတည်ပြုပြောဆိုခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



ဆိုင်ရီးလ်ရာမာဖိုဆာ ဒုတိယနိုင်ငံရေးသက်တမ်းအတွက် တောင်အာဖရိကသမ္မတအဖြစ် ဇွန် ၁၈ ရက်က ကျမ်းသစ္စာကျိန်ဆိုနေစဉ်။

Mon

## စစ်ဘေးသင့် ပါလက်စတိုင်းကလေးသူငယ်များကို ဥရောပက လက်ခံသင့်သည်ဟု ဂရိဝန်ကြီး တိုက်တွန်း

**အေသင် ဇွန် ၁၉**

ဂါဇာကမ်းမြောင်ဒေသမှ စစ်ဘေးသင့် ပါလက်စတိုင်းကလေးသူငယ်များကို ဥရောပက လက်ခံသင့်သည်ဟု အသက် ၅၆ နှစ်အရွယ် ဂရိနိုင်ငံခြားရေးဝန်ကြီး ဂျော့ချ်ဂေရာပီထရီတစ်က ဇွန် ၁၉ ရက်တွင် တိုက်တွန်းပြောကြားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဥရောပအနေဖြင့် ဂါဇာစစ်မက်၌ ဒဏ်ရာရသော ပါလက်စတိုင်းအရပ်သားများကို ကုသပေးသင့်ပြီး ကလေးသူငယ်များကို စောင့်ရှောက်ပေးရန်လည်း လိုအပ်သည်ဟု ရှုမြင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိမိတို့နိုင်ငံနှင့် အာရပ်ကမ္ဘာအကြား သမိုင်းဝင်ဆက်ဆံရေး အစဉ်အလာကြီးမားခဲ့သဖြင့် ငြိမ်းချမ်းရေးအတွက် ကြားဝင်စေ့စပ်ညှိနှိုင်းပေးသင့်သည်ဟုလည်း ၎င်းက အကြံပြုသည်။

အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး၊ ဂါဇာပြန်လည်တည်ဆောက်ရေး စသော အကြောင်းကိစ္စများနှင့် ပတ်သက်၍လည်း ပါလက်စတိုင်းဝန်ကြီးများနှင့် ၎င်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0





## လတ်စ်ဗီးဂတ်စ်လွင်ပြင် တစ်နေရာတွင် ကျောက်တိုင်တစ်တိုင် ထူးဆန်းစွာ တွေ့ရှိပြန်

**ဝါရှင်တန် ဇွန် ၁၉**

အမေရိကန်ပြည်ထောင်စု လတ်စ်ဗီးဂတ်စ်လွင်ပြင် တစ်နေရာတွင် ကျောက်တိုင်တစ်တိုင် မကြာသေးမီက ထူးဆန်းစွာ တွေ့ရှိပြန်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

မျက်နှာပြင်လေးဖက်ပါရှိသော အဆိုပါကျောက်တိုင်ကို အင်တာနက်လူမှုကွန်ရက်ထဲတွင် ဓာတ်ပုံရိုက်ပြီး ပြသထားရာ ကြည့်ရှုသူများက အမျိုးမျိုးဝေဖန်ပြောဆိုထားကြသည်။

လူသူအရောက်အပေါက်နည်းသောနေရာ၌ ဂြိုဟ်သားများ ထိုကျောက်တိုင်ကို စိုက်ထူထားကြသည်ဟု ယုံကြည်သူများလည်း ရှိနေကြောင်း သိရသည်။

Mon

0-0-0-0-0

## အိန္ဒိယမြောက်ပိုင်းတွင် အပူလှိုင်းဒဏ် ခံစားနေရဆဲ၊ ဒေလီမြို့တော်၌ ၄၅ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်ခဲ့

**ဒေလီ ဇွန် ၁၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများတွင် အပူလှိုင်းဒဏ်ခံစားနေရဆဲဖြစ်ပြီး ဒေလီမြို့တော်၌ လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ၄၅ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အပူဒဏ်လျှော့နည်းသက်သာအောင် စာသင်ကျောင်း၊ ရုံး၊ အိမ်နှင့် စက်ရုံ၊ အလုပ်ရုံများတွင် ပန်ကာနှင့် လေအေးပေးစက်များ အသုံးပြုရသဖြင့် ဒေလီတစ်မြို့တည်းတွင် ယခုအပတ်အတွင်း လျှပ်စစ်ဓာတ်အားဆွဲသည့်ပမာဏ ၈၆၄၇ မဂ္ဂါဝပ်အထိ ရှိခဲ့သည်။

မေ ၂၂ ရက်က ဒေလီတွင် အသုံးပြုခဲ့သော လျှပ်စစ်ဓာတ်အား ပမာဏ ၈၀၀၀ မဂ္ဂါဝပ် စံချိန်ကို ဇွန်လတွင် ချိုးခဲ့ရာမှ ဒေလီလေဆိပ်၌ လျှပ်စစ်ဓာတ်အား မိနစ်အနည်းငယ်ကြာ ပြတ်တောက်ခဲ့သည်။

ဇွန်လတွင် မိုးရေချိန်ပမာဏ လျော့ပြီး ရွာသွန်းခဲ့သော မုတ်သုန်မိုးအခြေအနေအရ ဒေလီမြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယခုနှစ် သောက်သုံးရေနှင့် စိုက်ပျိုးရေ ရှားပါးပြတ်လပ်နိုင်သည်ဟု ဒေသခံသိပ္ပံပညာရှင်များက သတိပေးထားကြောင်း သိရသည်။

Mon



## အမေရိကန်စတော့ဈေးကွက် နောက်ဆုံးအခြေအနေအရ ချစ်ပ်ကုမ္ပဏီ နဗီဒီယာ ထိပ်ဆုံးနေရာသို့ ရောက်ရှိလာ

**ဝါရှင်တန် ဇွန် ၁၉**

အမေရိကန် နယူးယောက်စတော့ဈေးကွက် နောက်ဆုံးအခြေအနေအရ ကာလီဖိုးနီးယားပြည်နယ်အခြေစိုက် ချစ်ပ်ကုမ္ပဏီ နဗီဒီယာ ထိပ်ဆုံးနေရာသို့ ရောက်ရှိလာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နဗီဒီယာသည် ဇွန်လဆန်းပိုင်းက ယင်းစတော့ဈေးကွက်တွင် အက်ပဲလ်ကုမ္ပဏီကို ကျော်တက်လာခဲ့ပြီးနောက် ယမန်နေ့က မိုက်ခရိုဆော့ဖ်ကုမ္ပဏီထက် တန်ဖိုးပမာဏ သာလွန်သွားပြန်သည်။

ဇွန် ၁၈ ရက် နယူးယောက်စတော့ဈေးကွက် ပိတ်သိမ်းချိန်တွင် အဆိုပါ ချစ်ပ်ထုတ်လုပ်ရေးကုမ္ပဏီ၏ တန်ဖိုးသည် ဒေါ်လာ ၃ ဒသမ ၃၄ ထရီလီယံ ရှိနေပြီဟု ဆိုသည်။

မိုက်ခရိုဆော့ဖ်၊ ဂူဂဲလ်၊ မယ်တာနှင့် အက်ပဲလ် စသော ကုမ္ပဏီများက အေအိုင်နည်းပညာ ထွန်းကားအောင် ယှဉ်ပြိုင်လာကြရာမှ ၎င်းတို့အတွက် ချစ်ပ်များ တိုးမြှင့်ထုတ်လုပ်ပေးရသဖြင့် ထိုသို့ တန်ဖိုးမြင့်တက်လာခြင်း ဖြစ်ရာ နဗီဒီယာကုမ္ပဏီပိုင်ရှင် ဂျင်ဆင်ဟွမ် ယခုထက် ပိုမိုအောင်မြင်လိမ့်ဦးမည်ဟု နည်းပညာဈေးကွက်ကျွမ်းကျင်သူများ ခန့်မှန်းကြောင်း သိရသည်။

Mon

0-0-0-0-0



## ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အသိပညာပေး

**ပွင့်ဖြူ ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအန္တရာယ် လျော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ် ပြည်သူများ သိရှိစေရန် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးခြင်းကို ယမန်နေ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ပညာပေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့်ပူးပေါင်းပြီး ပွင့်ဖြူမြို့မစည်ပင်သာယာဈေး



အတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို တွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်း မပြုရန်နှင့် ပလတ်စတစ် အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ ပြည်သူများ အစားအစာ ဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားကုန်ပစ္စည်းများကို စနစ်တကျရောင်းချကြရန်နှင့် ဈေးဆိုင်ခန်းများဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဈေးရောင်း၊ ဈေးဝယ် ပြည်သူများကို သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး ပလတ်စတစ်ပစ္စည်း လျှော့ချနိုင်ရေးအတွက် ဈေးရောင်းချရာတွင် ပလတ်စတစ်ပစ္စည်း အစားထိုး အသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၄၄၅)**



## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေး

**မြစ်သား ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တို့ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲ(Talk Show)ကို ဇွန် ၁၈ ရက် နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် လူမှောင်ခို လူကုန်ကူးမှုဆိုသည်မှာ ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ အဓမ္မခေါ်ဆောင်ခြင်း၊ လိမ်လည်ခြင်း၊ အာဏာအသုံးပြုခြင်း၊ ရပ်တည်ရန် ခက်ခဲသောအခြေအနေကို အလွဲသုံးစားပြုလုပ်ခြင်းစသည်တို့ ပါဝင်ကြောင်း ဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်ယဉ်ယဉ်ထွန်းက လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးမှု စခဆောင်ပေးသည့်နည်းလမ်းများ၊ လူကုန်ကူးမှု ရည်ရွယ်ချက်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မများနှင့် ပြည်သူများကလည်း လူမှောင်ခို လူကုန်ကူးမှုပပျောက်ရေးနှင့် တားဆီးကာကွယ်သွားရန်အတွက် မိမိတို့တတ်စွမ်းသမျှ ပါဝင်ကာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် အသိပညာပေး (Talk Show) အစီအစဉ်များကို ဌာနဆိုင်ရာများနှင့်လည်း ပူးပေါင်း၍ ပြည်သူများ သိသင့်သိထိုက်သည့်အကြောင်းအရာများကို လစဉ်ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ပန်းတောင်းမြို့နယ်တွင် ရခိုင်ပြည်နယ်သို့ သယ်ဆောင်မည့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် နံနက် ၁ နာရီက ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွှေပြည်သာကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ ထွန်းကျော်ဆိုသူ၏ တောင်ယာတဲကို သတင်းအရရှာဖွေရာ ထွန်းကျော်၊ ဌေးဝင်း၊ ဇော်မြင့်နိုင်၊ သန်းထွန်းလေး၊ ကိုဖြိုး၊ ဇော်မင်းလှိုင်၊ မြင့်အေး၊ အောင်ကျော်ဆန်း၊ ထက်လင်းစိုးနှင့် စိုးလင်းအောင်ဆိုသူတို့ ၁၀ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၆ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ပန်းတောင်းမြို့နယ်မှ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်သို့ ဆက်လက်သယ်ဆောင်မည်ဖြစ်ကြောင်း သိရသဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ မြတ်သူဝင်း(ခ)နောင်နောင်နှင့် သိန်းစိုးဆိုသူတို့အပါအဝင် ၁၂ ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## နေအိမ်အတွင်းမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မြစ်ကြီးနား ဇွန် ၁၉**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မူးယစ်ဆေးဝါးသတင်းအရ နေအိမ်အတွင်း ဝင်ရောက်ရှာဖွေရာမှ အသက်(၅၀)ကျော် အမျိုးသမီးတစ်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြစ်ကြီးနားမြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၂)မှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြစ်ကြီးနားမြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၂)မှ ဒုရဲအုပ်တူးထွဲ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးသတင်းအရ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်နေ အားချာဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းအားနေအိမ်တွင်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ အားချာဆိုသူ၏ လက်နှစ်ဖက်တွင် ဆုပ်ကိုင်ထားသည့် အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်းမှ အဝါရောင် အဖုံးပိတ်ပါ အကြည်ရောင်ကော်ဘူးဖြင့် ထည့်ထားသည့် ဘိန်းဖြူအမှုန့် အလေးချိန်(သုည ဒသမ ၃) ဂရမ်စီပါ (၁၈)ဘူးအတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် (၅ ဒသမ ၄) ဂရမ်နှင့် DABO တံဆိပ်ပါ ကော်ဘူးဖြင့်ထည့်ထားသည့် တံဆိပ်မပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ ပါ (၁)ဘူးနှင့် အပြာရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့် တံဆိပ်မပါ နီ/ညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ (၂)ထုပ်တို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ တို့အား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်ကြောင့် မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ အားချာ(၅၈)နှစ်ဆိုသူအား မြစ်ကြီးနား နယ်မြေရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(၄၄၄)**

## မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ အသိပညာပေး ဟောပြော

**ကျိုင်းတုံ ဇွန် ၁၉**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (အကြို) မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ကတ်တောင် အ·ထ·ကနှင့် ယန်းလော အ·ထ·က ကျောင်းတို့၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်းနှင့် ဦးဝေဖြိုးဦးတို့က မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်ဆုံးရှုံးမှုများအကြောင်း၊ မူးယစ်ဆေးဝါး ပြစ်မှုများ ကျူးလွန်ပါက ချမှတ်ခြင်းခံရမည့်ပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သိရှိလိုက်နာသင့်သည့်အချက်များနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးဆိုင်ရာ အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**




**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

## မဟာအောင်မြေမြို့နယ်တွင် မီးလောင်မှု ဖြစ်ပွား

**မန္တလေး ဇွန် ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၁)၊ ၈၆လမ်းနှင့်၈၇လမ်းကြား၊ အောင်ဇေယျကျော်တိုက်တန်း၊ အခန်းအမှတ်(AZK-32)တွင် မီးလောင်ကျွမ်းမှု ယနေ့ နံနက် ၁၀ နာရီ ဝန်းကျင်က ဖြစ်ပွားခဲ့သည်။**(ယာပုံ)**

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်နှင့် သနွေမီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးတို့သည် မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ မီးသတ်ရေသယ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ပေ(၄၀×၅၀)တိုက်ခန်းအတွင်းရှိ ဆိုလာအားသွင်းအင်ဗာတာ တစ်လုံး၊ မွေ့ရာတစ်ခု၊ ဆိုလာထိုင်ခုံများနှင့် မျက်နှာကြက်တို့ မီးလောင်ကာ မီးသတ်ဦးစီးဌာနမှ မီးလောင်သည့်အကြောင်းအရင်း၊ ဆုံးရှုံးမှုတန်ဖိုးများအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၀၅၇)**



❍ စာမျက်နှာ ၂၄ မှ

ကမ္ဘာ့အဆင့် (၆၆)ရှိ အယ်လ်ဘေးနီးယားအသင်းသည် ကမ္ဘာ့အဆင့် (၉)ရှိ ဝါရင့်ကစားသမားများ စွာပါဝင်သည့် ခရိုအေးရှားအသင်းကို အကြိတ်အနယ်ဖြင့် သရေရလဒ်ထွက်ပေါ်အောင် ယှဉ်ပြိုင်ကစား နိုင်ခဲ့သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(က)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့၊ စတုဂတ်ဘောလုံးကွင်းတွင် အိမ်ရှင် ဂျာမနီအသင်းနှင့် ဟန်ဂေရီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက ဟန်ဂေရီအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် ဂျာမနီအသင်းက တည်ငြိမ်သည့် ခြေစွမ်းဖြင့် ဟန်ဂေရီအသင်းဘက်ကို တောက်လျှောက် ထိုးဖောက်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၂၂မိနစ်တွင် ဂန်ဒိုဂန် ဖန်တီးပေးပို့မှုကို မူဆီယာလာက လှလှပပသွင်းယူကာ ဂျာမနီအသင်းအတွက် ဦးဆောင်ဂိုး ရယူပေးသွားနိုင်ခဲ့ သည်။ ဟန်ဂေရီအသင်းကလည်း ချေပဂိုးပြန်လည်ရရှိရေး အစွမ်းကုန်ကြိုးပမ်းခဲ့သော်လည်း ဂျာမနီ ခံစစ်နှင့် ဂိုးသမား၏ အကောင်းဆုံးလက်စွမ်းပြကာကွယ်နိုင်မှုကြောင့် ဂိုးရရှိရန် ခက်ခဲနေခဲ့သည်။ ပထမပိုင်းပြီးစဉ်ပြီးဆုံးချိန်တွင် ဂျာမနီအသင်းက ဟန်ဂေရီအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင် ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲတွင်လည်း ဂျာမနီအသင်းက အိမ်ရှင်ပီပီ ဟန်ဂေရီအသင်းဘက်ကို ဘောလုံးပိုင် ဆိုင်မှုအသာဖြင့်သာ ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၆၇မိနစ်တွင် ဂန်ဒိုဂန်က ဂျာမနီအသင်း အတွက် ဒုတိယမြောက်ဂိုး ရယူပေးနိုင်ခဲ့သည်။ လက်ကျန်မိနစ်များတွင် နှစ်ဘက်အသင်းစလုံးအနေ ဖြင့် တစ်ဖက်နှင့်တစ်ဖက် သွင်းဂိုးများ ထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် ဂျာမနီအသင်းက ဟန်ဂေရီအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(က)ပွဲစဉ်တွင် အိမ်ရှင် ဂျာမနီအသင်းသည် ပွဲစဉ် ၂ပွဲကစားပြီး ၂ပွဲစလုံးအနိုင်ရရှိကာ ရမှတ် ၆မှတ်ဖြင့် ၁၆သင်းအဆင့်သို့ စောစီးစွာ တက်ရောက် နိုင်ခဲ့သည်။

**နိုင်ကမ္ဘာ**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၁၈ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် “Moe Moe Khaing” Facebook အကောင့်ပိုင်ရှင် ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်မြို့နယ် မြကံသာနေ မိုးမိုးခိုင်(ခ) မိုးမိုးအား မွန်းတည့် ၁၂ နာရီတွင် ပုသိမ်ကြီးမြို့မရဲစခန်း၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက် ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူအား အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ပြီး ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ရာတွင် ပါဝင်ခဲ့သည့် တရားခံတစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၉

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော် အနောက်ရပ်ကွက်နေ ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းအောင်သည် ဇွန် ၁၃ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် ၎င်း၏ရွှေပန်းထိမ်ဆိုင်ရှိရာ အောင်မြေသာစံမြို့နယ်မှ နေအိမ်သို့ ၁၂ လမ်းအတိုင်း ဆိုင်ကယ်ဖြင့် တစ်ဦးတည်း မောင်းနှင်ထွက်ခွာလာစဉ် အမျိုးသား နှစ်ဦး(စီစစ်ဆဲ)က CZI အမျိုးအစား အနက်ရောင်ဆိုင်ကယ်ဖြင့် အနောက်မှကပ်၍လိုက်ပါလာပြီး သေနတ်အမျိုးအစား (စိစစ်ဆဲ) ဖြင့် ပစ်ခတ်ကာ ဦးဝင်းအောင်တွင် ပါရှိလာသည့် ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင် ထွက်ပြေးသွားခဲ့သဖြင့် ဦးဝင်းအောင်တွင် ကျည်ထိမှန် ဒဏ်ရာရရှိခဲ့ပြီး မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူနေစဉ် ရရှိထားသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သောကြောင့် အမှတ်(၄) နယ်မြေရဲစခန်းတွင် အကြမ်းဖက်မှု



အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ပြီး ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ရာတွင် ပါဝင်သူ တရားခံ ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်အား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ ဖြင့် အမှုဖွင့်၍ တရားခံများ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ပစ်ခတ်လုယက်မှု ကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့/ည မပြတ် သတင်းရယူစုံစမ်းထောက်လှမ်းခြင်း၊ လုံခြုံရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၏ အကူအညီများ ရယူဆောင်ရွက်ခြင်းနှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုသော တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ပြစ်မှုကျူးလွန်သူ တရားခံ နှစ်ဦးအနက် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်း အုပ်စု ဥဒေါင်းကျေးရွာနေ ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်(၃၈) နှစ်၊ (ဘ)ဦးမြင့်အောင်အား ဇွန် ၁၈ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် အကြမ်းဖက်သတ်ဖြတ်လုယက် ယူဆောင်သွားသည့် သက်သေခံ ရွှေထည်ပစ္စည်းများနှင့် အတူ ၎င်း၏နေအိမ်၌ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် တစ်ရွာတည်းနေ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ ကိုမောင်း(စိစစ်ဆဲ)နှင့် ချိတ်ဆက်ပြီး ငွေကြေးလိုအပ်ချက်အရ ပန်းထိမ်ဆရာ ဦးဝင်းအောင် လုပ်ငန်းသိမ်းပြီး ရွှေထည်ပစ္စည်းများနှင့်အတူ နေအိမ်သို့အပြန်တွင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ ရွှေထည်ပစ္စည်းများအား လုယူရန်ညှိနှိုင်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး ကိုမောင်း၏အဆက်အသွယ်ဖြင့် မတ္တရာ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ မင်္ဂလာပါ(အမည်လွှဲ)နှင့် ဇွန် ၁၀ ရက် ညနေ ၄ နာရီခွဲတွင် ၁၂ လမ်းနှင့် ၈၉ လမ်းထောင့်တွင်တွေ့ဆုံ၍ ပစ်ခတ်လုယက်မည့်အစီအစဉ်အား တိုင်ပင်ခဲ့ပြီး ဇွန် ၁၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဖမ်းဆီးရန်ကျန်တရားခံ မင်္ဂလာပါနှင့်အတူ ၁၂ လမ်းရှိ ရွှေပုဇွန်ဆီဆိုင်အနီးတွင် အသင့်စောင့်ဆိုင်းနေပြီး ဦးဝင်းအောင် ထွက်လာချိန်တွင် ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်က ဆိုင်ကယ်အား မောင်းနှင်ပြီး ဖမ်းဆီးရန်ကျန်တရားခံ မင်္ဂလာပါက နောက်မှစီးနင်းလိုက်ပါကာ ဦးဝင်းအောင်၏ ဆိုင်ကယ်နောက်မှ ကပ်၍ မောင်းနှင်လိုက်ပါသွားပြီး Golden Star ဘီယာဆိုင်ရှေ့အရောက်တွင် မင်္ဂလာပါက ၎င်းအသင့် ယူဆောင်လာသည့်တစ်ထောင့်ထိုးလက်လုပ်သေနတ်ဖြင့် ဦးဝင်းအောင်အား ပစ်ခတ်ခဲ့ပြီး လဲကျသွားချိန်တွင် ကံပိုင်(ခ) ကိုဖြိုး (ခ) ပြည့်ဖြိုးအောင်က ဆိုင်ကယ်အား ရပ်၍ ဦးဝင်းအောင် လွယ်ထားသည့် ရွှေထည်ပစ္စည်းများ ထည့်ထားသောအိတ်အား ဖြုတ်ယူကာ အခင်းဖြစ်နေရာမှ မောင်းနှင်ထွက်ပြေးခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ နေ့/ညမပြတ် ကြိုးပမ်းဆောင်ရွက်မှုနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလိုလားသည့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် အကြမ်းဖက် ပစ်ခတ်လုယက်မှု ကျူးလွန်သူ တရားခံ ကံပိုင်(ခ) ကိုဖြိုး (ခ) ပြည့်ဖြိုးအောင် အား ပြစ်မှုဖြစ်ပွားပြီး ငါးရက်အတွင်း သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရေးနှင့် ဖမ်းဆီးရန်ကျန်တရားခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များ ဖြစ်ကြသည့် ကိုမောင်းနှင့် မင်္ဂလာပါတို့ နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာ အားကစား သတင်းများ

## အာဒါဂူလာ ယူရိုပွဲဦးထွက်မှာ အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် စံချိန်မှတ်တမ်းဝင်



**မြူးနစ် ဇွန် ၁၉**

တူရကီအသင်းတောင်ပံကစားသမား အာဒါဂူလာ(အသက် ၁၉နှစ် ၁၁၄ရက်)သည် ယူရိုပွဲဦးထွက်တွင် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။ **(ဓာတ်ပုံ)**

အဆိုပါတောင်ပံကစားသမားသည် ယူရို ၂၀၂၄ အုပ်စု (စ)ပွဲစဉ်အဖြစ် တူရကီအသင်းက ဂျော်ဂျီယာအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ တောင်ပံကစားသမား အာဒါဂူလာသည် တူရကီအသင်းနှင့်အတူ ၂၀၂၂မှ ၂၀၂၄အထိ ပြိုင်ပွဲ ၈ပွဲကစားပြီး နှစ်ဂိုး သွင်းယူထားသည်။

အာဒါဂူလာက "ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းနှင့်အတူ ယူရို ၂၀၂၄ပြိုင်ပွဲမှာ အောင်မြင်မှုတွေ ရယူနိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## ရိုင်ယန်ဘာထရန် ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် ဇွန် ၁၉**

ချဲလ်ဆီးအသင်းနှင့် လက်စတာစီးတီးအသင်း နောက်ခံကစားသမားဟောင်း ရိုင်ယန်ဘာထရန် ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝ တစ်လျှောက်တွင် ချဲလ်ဆီး၊ လက်စတာ၊ ဆောက်သမ်တန်၊ နော့ဝှစ်ချ်၊ ရီဒင်း၊ နော်တင်ဟမ်၊ ဘုန်းမောက်၊ အက်စတွန်ဗီလာ စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး ချန်ပီယံလိဂ်ဖလား၊ ယူရိုပါလိဂ်ဖလား၊ အင်္ဂလိပ် အက်ဖ်အေဖလားတို့ကို ရယူနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်လည်း ၂၀၁၂မှ ၂၀၁၇ အထိ ပြိုင်ပွဲ ၁၉ပွဲကစားကာ ၁ဂိုး သွင်းယူနိုင်ခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ရိုင်ယန်ဘာထရန်က "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (NGB)



## 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ဇွန် ၂၃ရက်တွင် စတင်မည်

**မာယော့ကာ ဇွန် ၁၉**

စပိန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ လာမည့် ဇွန် ၂၃ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024Mallorca Championships တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၃ရက်မှ ဇွန် ၃၀ရက်အထိ ၈ရက် ကြာကျင်းပသွားမည်ဖြစ်သည်။

2024 Mallorca Championships တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Mallorca Championships တင်းနစ်ပြိုင်ပွဲ၏လက်ရှိချန်ပီယံမှာ အမေရိကန်တင်းနစ်ကစားသမား Christopher Eubanks ဖြစ်သည်။ **(NGB)**

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ
### အုပ်စုအဆင့်ပွဲစဉ်များ
နိုင်ကမ္ဘာ

**အုပ်စု(ဂ)ပွဲစဉ်များ**

**ပွဲစဉ်(၁)ရလဒ် –ဆလိုဗေးနီးယား ၁–၁ ဒိန်းမတ် ဆားဘီးယား ၀–၁ အင်္ဂလန်**

**ဆလိုဗေးနီးယား – ဆားဘီးယား**

**ဇွန် ၂၀ရက်၊ (ကြာသပတေးနေ့) ည ၇း၃၀နာရီ**

**(အရီနာမြူးနစ်ဘောလုံးကွင်း၊ မြူးနစ်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၁၈-၈-၂၀၀၄ | ဆလိုဗေးနီးယား | ၁-၁ | ဆားဘီးယား | | | (ခြေစမ်းပွဲ) |
| ၂၀၁၀-၁၁ | ဆလိုဗေးနီးယား | ၁-၀ | ဆားဘီးယား | ၁-၁ | ဆလိုဗေးနီးယား | (ယူရို ၂၀၁၂ ခြေစစ်ပွဲ) |
| ၂၀၂၂ | ဆလိုဗေးနီးယား | ၂-၂ | ဆားဘီးယား | ၄-၁ | ဆလိုဗေးနီးယား | (UEFA နေရှင်းလိဂ် အုပ်စု) |

ကမ္ဘာ့အဆင့်(၅၇)ရှိသည့် ဆလိုဗေးနီးယားအသင်းနှင့် ကမ္ဘာ့အဆင့် (၃၃)ရှိသည့် ဆားဘီးယားအသင်းတို့သည် ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ (၅)ကြိမ် ဆုံတွေ့ခဲ့ရာ ဆလိုဗေးနီးယားက တစ်ကြိမ် အနိုင်ရပြီး သုံးကြိမ် သရေကျကာ တစ်ကြိမ် ရှုံးနိမ့်ခဲ့သည့်အတွက် အစဉ်အလာအရ ကွာခြားမှု မရှိသော်လည်း ကမ္ဘာ့အဆင့်အရ ဆားဘီးယားတို့ အသာရနေသည့်အပြင် အဖွင့်ပွဲစဉ်၌ ရှုံးနိမ့်ထားသော နိုင်ပွဲလိုအပ်နေသည့် ဆားဘီးယားတို့ အနိုင်သေချာနေပြီး ဆလိုဗေးနီးယားတို့အတွက် အမြင့်ဆုံးရလဒ်မှာ သရေရလဒ်ပင် ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ဆလိုဗေးနီးယား–သရေ၊နိုင်၊နိုင်၊သရေ၊သရေ ဆားဘီးယား–ရှုံး၊နိုင်၊ရှုံး၊နိုင်၊ရှုံး**

**ဒိန်းမတ် – အင်္ဂလန်**

**ဇွန် ၂၀ရက်၊ (ကြာသပတေးနေ့) ည ၁၀း၃၀နာရီ**

**(ဖရန့်ဖတ်ဘောလုံးကွင်း၊ဖရန့်ဖတ်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၁၉၅၆-၅၇ | ဒိန်းမတ် | ၁-၄ | အင်္ဂလန် | ၅-၂ | ဒိန်းမတ် | (ကမ္ဘာ့ဖလား ၅၈ ခြေစစ်ပွဲ) |
| ၁၉၇၈-၇၉ | ဒိန်းမတ် | ၃-၄ | အင်္ဂလန် | ၁-၀ | ဒိန်းမတ် | (ယူရို ၈၀ ခြေစစ်ပွဲ) |
| ၁၉၈၂-၈၃ | ဒိန်းမတ် | ၂-၂ | အင်္ဂလန် | ၀-၁ | ဒိန်းမတ် | (ယူရို ၈၄ ခြေစစ်ပွဲ) |
| ၁၂-၆-၁၉၉၂ | ဒိန်းမတ် | ၀-၀ | အင်္ဂလန် | | | (ယူရို ၉၂ အုပ်စု) |
| ၁၅-၆-၂၀၀၂ | ဒိန်းမတ် | ၀-၃ | အင်္ဂလန် | | | (ကမ္ဘာ့ဖလား ၂၀၀၂-၁၆သင်းအဆင့်) |
| ၂၀၂၀ | ဒိန်းမတ် | ၀-၀ | အင်္ဂလန် | ၀-၁ | ဒိန်းမတ် | (UEFA နေရှင်းလိဂ် အုပ်စု) |
| ၈-၇-၂၀၂၁ | အင်္ဂလန် | ၁-၁ | ဒိန်းမတ် | | | (ယူရို ၂၀၂၀ ဆီမီး) |
| | (အချိန်ပိုတွင် | ၁-၀ | ဖြင့် အင်္ဂလန် နိုင်) | | | |

ကမ္ဘာ့အဆင့် (၂၁)ရှိသည့် ဒိန်းမတ်အသင်းနှင့်ကမ္ဘာ့အဆင့် (၅)ရှိသည့် အင်္ဂလန်အသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၂၄)ကြိမ် ဆုံတွေ့ခဲ့ရာ ဒိန်းမတ်က လေးကြိမ်သာ အနိုင်ရပြီး ငါးကြိမ် သရေကျကာ (၁၅)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရရော ခြေစွမ်းပါ သာနေသည့် အင်္ဂလန်တို့ အနိုင်သေချာသည့်ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ဒိန်းမတ်–သရေ၊နိုင်၊နိုင်၊နိုင်၊သရေ အင်္ဂလန်–ရှုံး၊သရေ၊နိုင်၊ရှုံး၊နိုင်**

**အုပ်စု(ခ)ပွဲစဉ်**

**ပွဲစဉ်(၁)ရလဒ် စပိန် ၃–၀ ခရိုအေးရှား အီတလီ ၂–၁ အယ်လ်ဘေးနီးယား**

**စပိန် – အီတလီ**

**ဇွန် ၂၁ရက်၊ (သောကြာနေ့) နံနက် ၀၁း၃၀နာရီ**

**(ဗျော်လ်ကာဘောလုံးကွင်း၊ဂဲလ်ဆန်ကာချန်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၁၃-၆-၁၉၈၀ | စပိန် | ၀-၀ | အီတလီ | (ယူရို ၈၀ အုပ်စု) |
| ၁၅-၆-၁၉၈၈ | အီတလီ | ၁-၀ | စပိန် | (ယူရို ၈၈ အုပ်စု) |
| ၂၃-၆-၂၀၀၈ | စပိန် | ၀-၀ | အီတလီ | (ယူရို ၂၀၀၈ ကွာတား) |
| | (ပင်နယ်တီ | ၄-၂ | ဖြင့် စပိန်နိုင်) | |
| ၁၀-၆-၂၀၁၂ | စပိန် | ၁-၁ | အီတလီ | (ယူရို ၂၀၁၂ အုပ်စု) |
| ၂-၇-၂၀၁၂ | စပိန် | ၄-၀ | အီတလီ | (ယူရို ၂၀၁၂ ဗိုလ်လုပွဲ) |
| ၂၇-၆-၂၀၁၆ | အီတလီ | ၂-၀ | စပိန် | (ယူရို ၂၀၁၆-၁၆သင်းအဆင့်) |
| ၇-၇-၂၀၂၁ | အီတလီ | ၁-၁ | စပိန် | (ယူရို ၂၀၂၀ ဆီမီး) |
| | (ပင်နယ်တီ | ၄-၂ | ဖြင့် အီတလီ နိုင်) | |
| ၇-၁၀-၂၀၂၁ | အီတလီ | ၁-၂ | စပိန် | (UEFAနေရှင်းလိဂ် ဆီမီး) |
| ၁၆-၆-၂၀၂၃ | စပိန် | ၂-၁ | အီတလီ | (UEFAနေရှင်းလိဂ် ဆီမီး) |

ကမ္ဘာ့အဆင့်(၈)ရှိသည့် စပိန်အသင်းနှင့် ကမ္ဘာ့အဆင့် (၁၀)ရှိသည့် အီတလီအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ အကြိမ်(၄၀)ဆုံတွေ့ခဲ့ရာ စပိန်က (၁၅)ကြိမ် အနိုင်ရထားပြီး (၁၃)ကြိမ် သရေကျကာ (၁၂)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ စပိန်တို့ အသာရနေပြီး နိုင်ပွဲရမှာ သေချာနေသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**စပိန်– ရှုံး၊ သရေ၊ နိုင်၊ နိုင်၊ နိုင် အီတလီ–နိုင်၊ နိုင်၊ သရေ၊ နိုင်၊ နိုင်**

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ
### အုပ်စုအဆင့်
နိုင်ကမ္ဘာ

**အုပ်စု(က)အဖွင့်ပွဲစဉ်**

**အာဂျင်တီးနား – ကနေဒါ**

**ဇွန် ၂၁ရက်၊ (သောကြာနေ့) နံနက် ၆း၃၀နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၇-၈-၁၉၇၁ | အာဂျင်တီးနား | ၂-၀ | ကနေဒါ | (ပန်အမေရိက အားကစားပြိုင်ပွဲ၊ ဒုတိယအဆင့်) |
| ၁၇-၁၁-၁၉၇၅ | ကနေဒါ | ၀-၂ | အာဂျင်တီးနား | (ပန်အမေရိက အားကစားပြိုင်ပွဲ၊ အုပ်စု) |
| ၂၅-၅-၂၀၁၀ | အာဂျင်တီးနား | ၅-၀ | ကနေဒါ | (ခြေစမ်းပွဲ) |

ကမ္ဘာ့အဆင့်(၁)ရှိသည့် အာဂျင်တီးနားအသင်းနှင့် ကမ္ဘာ့အဆင့် (၄၈)ရှိသည့် ကနေဒါအသင်းတို့၏ ပွဲစဉ်သည် ဘောလုံးအဆင့် ကွာခြားချက်မြင့်မားသည့် နှစ်သင်းဆုံတွေ့မှုဖြစ်၍ အာဂျင်တီးနားတို့ ပြတ်သားစွာ အနိုင်ရမည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**အာဂျင်တီးနား–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင် ကနေဒါ–နိုင်၊ရှုံး၊နိုင်၊ရှုံး၊သရေ**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်း(၁/၂၀၂၄)ဖွင့်ပွဲ



**တောင်ကြီး ဇွန် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ မြို့တော်ခန်းမ၌ ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲက ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း (BD-MC)(၁/၂၀၂၄)ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာမှာ ဒီလိုသဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်တွေကို ထိရောက်အောင် ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်အဆင့်မှ ခရိုင်၊ မြို့နယ်များအဆင့်ထိ အဆင့်ဆင့်ရေးဆွဲထားရှိတဲ့ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်များမှာပါရှိတဲ့အတိုင်း ဘေးမဖြစ်ပွားမီအချိန်မှာ ဆောင်ရွက်ရမယ့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များ၊ ဘေးဖြစ်ပွားနေချိန်မှာ ဆောင်ရွက်ရမယ့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းစဉ်များနဲ့ ဘေးဖြစ်ပွားပြီးချိန်မှာဆောင်ရွက်ရမယ့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့်အညီ မိမိတို့ကဏ္ဍအလိုက် တာဝန်ကျေပွန်အောင် ချိတ်ဆက်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရပ်ရွာလူထုရဲ့ သဘာဝဘေးများအပေါ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းအား ပိုမိုမြင့်မားလာစေရေးအတွက် သဘာဝဘေး အသိပညာပေးလုပ်ငန်းများကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရမှာ ဖြစ်သလို သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များမှာပါရှိတဲ့ ဌာနဆိုင်ရာများအနေနဲ့လည်း မိမိတို့ဌာနအလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် လုပ်ဆောင်ရမယ့် အမြဲမပြတ် စိစစ်ကြပ်မတ်ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း(၁/၂၀၂၄)အတွက် စားစရိတ်များထောက်ပံ့ပေးအပ်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများမှ အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကူးပြီး ခင်းကျင်းပြသထားသော သဘာဝဘေးအသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း (၁/၂၀၂၄)ကို ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား ၅၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၃၆၈)**

၀-၀-၀-၀-၀-၀-၀



# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျန်းမာရေးနှင့် စိတ်ဓာတ်မြင့်မားရေး ဟောပြော

**မန္တလေး ဇွန် ၁၉**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အားကစားပညာ အထူးပြုဘာသာရပ်B.Sc (Sport) ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းသား၊သင်တန်းသူများ ကျန်းမာရေးနှင့် စိတ်ဓာတ်မြင့်မားလာစေရေးအသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကြက်တောင်အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးဦးမြင့်ခိုင်၊ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ နည်းပြများနှင့် အားကစားပညာအထူးပြုဘာသာရပ်B.Sc(Sport) ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးဦးမြင့်ခိုင်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များပြောကြားပြီး အား/ကာသိပ္ပံ(မန္တလေး)တာဝန်ခံဆရာဝန်ဒေါက်တာ ချမ်းကျော်ထွန်းက ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်း၊အား/ကာသိပ္ပံ(မန္တလေး)ကျောင်းသားဟောင်း မြန်မာ့လက်ရွေးစင်ဘောလုံးအားကစားသမား လွင်မိုးအောင်မှ စိတ်ဓာတ်မြင့်မားရေးဆိုင်ရာများ အသိပညာပေးဟောပြောပြီး ကျောင်းအုပ်ကြီး၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၅)**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး လူထုအသိပညာပေးဆိုင်းဘုတ် စိုက်ထူ

**မိုင်းယောင်း ဇွန် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမည့်လုပ်ငန်းကိုလာမည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါလုပ်ငန်း အောင်မြင်စွာကောက်ယူနိုင်ရေး လူထုအသိပညာပေးဆိုင်းဘုတ် စိုက်ထူပွဲကို ယနေ့ နံနက် ၇ နာရီက အမှတ်(၁)ရပ်ကွက် ဗလမင်းထင်လမ်းမဘေး၌ ကျင်းပခဲ့သည်။

အဆိုပါ စိုက်ထူပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးအေးကိုကိုစုနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဇော်မင်းဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

ရေနုတ်မြောင်းသည်
အမှိုက်စွန့်ပစ်ရန်
နေရာမဟုတ်ပါ ။

# သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် သန့်ရှင်းသာယာလှပရေး နေ့စဉ်ဆောင်ရွက်

**မန္တလေး ဇွန် ၁၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း အလယ်ပေါင်တံတား အနောက်ဘက် ချောင်းအတွင်းမှ ဗေဒါ၊ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်း ဆောင်ရွက်ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းအနောက်ဘက်ပတ်လမ်း လမ်း၃၀နှင့် ၃၁လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၃၅လမ်းနှင့် ၃၆လမ်းကြား ချောင်းအတွင်းမှ ဒိုက်၊ အမှိုက်နှင့် နွံများကို Sunton စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းပြီး ၃၆လမ်းနှင့် ၃၈လမ်းကြား ချောင်းအတွင်းမှ ဒိုက်၊ အမှိုက်နှင့် နွံများကို ဆက်လက် ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး ချောင်းကို မြောင်းရေနှင့်ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားသည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များ သတ်မှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဇုန်(၂) ၂၈လမ်းနှင့် ၂၉လမ်းကြား လမ်းဘေး ဝဲ၊ ယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊သဲ၊အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ယာပုံ)**
**(မန္တလေးနေ့စဉ်-၃)**



# စက်သုံးဆီအရောင်းဆိုင်များအား သတ်မှတ်ချက်များနှင့်အညီ ဖြန့်ဖြူးရောင်းချခြင်း ရှိမရှိ ရှောင်တခင်စစ်ဆေး



**လားရှိုး ဇွန် ၁၉**

စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနလက်အောက်ရှိ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ ရှမ်း(မြောက်)၊ လားရှိုးမြို့ရှိ တာဝန်ရှိသူများပါဝင်သော စစ်ဆေးရေး အဖွဲ့များသည် ဇွန် ၁၈ရက် နံနက်ပိုင်းက လားရှိုးမြို့ပေါ်ရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ ရှောင်တခင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

လားရှိုးမြို့ပေါ်ရှိ စက်သုံးဆီဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း၊ အချိန်အတွယ် ပြည့်မီမှန်ကန်မှု၊ သတ်မှတ်ချက်များနှင့်အညီ ရောင်းချခြင်း၊ အများပြည်သူသို့ အဆင်ပြေစွာ ရောင်းချခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု ရှိ၊မရှိနှင့် ပုံးခွက်များဖြင့်တစ်ဆင့် ရောင်းချမှုမရှိစေရေးတို့အား ရှောင်တခင် စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

လားရှိုးမြို့ပေါ်ရှိ စက်သုံးဆီဆိုင်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ၊မရှိနှင့် သတ်မှတ်ချက်များအတိုင်းရောင်းချခြင်း ရှိ၊မရှိကို အခါအားလျော်စွာ ရှောင်တခင် စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၁၄၀၀၀ကျော် လျာထားစိုက်ပျိုးမည်

**ကျွန်းလှ ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း အဓိကစိုက်ပျိုးထုတ်လုပ်သော ဒေသတစ်ခုဖြစ်ပြီး ယခုနှစ် မိုးရာသီတွင် အစေ့ထုတ်ပြောင်း ဧက ၁၄၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်မိုးရာသီမှာ အစေ့ထုတ်ပြောင်းစိုက်ပျိုးဖို့ ၁၄၉၉၅ ဧကလျာထားပါတယ်။ အစေ့ထုတ်ပြောင်းစိုက်ပျိုးရာမှာ အခြားသီးနှံများနဲ့ သီးညှပ်စိုက်ပျိုးကြပြီး သီးသန့်လည်း စိုက်ပျိုးကြပါတယ်။ ဇွန်လမှစတင်ကာစိုက်ပျိုးပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ သီးထပ်သီးညှပ်စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ ဖောင်မြောက်တောင်ပိုးကြိုတင်ကာကွယ်ရေးဆောင်ရွက်ခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာအချိုးကျ ရောစပ်ပြီး အချိန်ကိုက်သုံးစွဲရေး ပညာပေးခြင်းတို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ကျွန်းလှမြို့နယ်တွင် ယခင်နှစ် မိုးရာသီ၌ အစေ့ထုတ်ပြောင်း စိုက်ပျိုးရန် ၁၄၉၇၃ ဧကလျာထားပြီး ၁၄၉၉၅ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ တစ်ဧကပျမ်းမျှ ၄၈ ဒသမ ၆၉ ရာခိုင်နှုန်းထွက်ရှိကြောင်း၊ ယခုနှစ် ၁၄၉၉၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

(အောက်ပုံ)(၄၈၀)



လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ မသုံးရ။

# မုံရွာမြို့တွင် ဝါမှအထည်ဖြစ်သည်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်



**မုံရွာ ဇွန် ၁၉**

မုံရွာမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းတွင် ဝါမှအထည် ဖြစ်သည်အထိ စာတွေ့၊ လက်တွေ့သင်ကြားခြင်းနှင့်အတူ အခြေခံစက်ချုပ်ပညာကို ပူးတွဲသင်ကြားပေးလျက်ရှိသည်။

သင်တန်းကာလတစ်လျှောက် သဘာဝဆေးဆိုးခြင်း၊ ဓာတုဗေဒဆေးဆိုးခြင်း၊ အမျှင်အမျိုးမျိုးအကြောင်း၊ စက်ရက်ကန်း၊ လက်ရက်ကန်း၊ စက်နှင့်ချည်မျှင်ဆွဲခြင်း၊ လက်နှင့်ချည်မျှင်ဆွဲခြင်း၊ အထည်ဒီဇိုင်း ဖန်တီးခြင်းစသည့် ဝါမှအထည်ဖြစ်သည်အထိ အဆင့်ဆင့်ကို စာတွေ့၊ လက်တွေ့သင်ကြားပေးသည့်အပြင် အခြေခံစက်ချုပ်ပညာရပ်ကိုလည်း ပူးတွဲသင်ကြားပေးလျက်ရှိသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မုံရွာမြို့)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ် သင်တန်းနှင့်လက်ရက်ကန်း ခြောက်လ သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

"မြန်မာ့ရိုးရာ ရက်ကန်းပညာရပ်တွေ မတိမ်ကော၊ မပပျောက်စေဖို့ ထိန်းသိမ်းစောင့်ရှောက်ဖို့၊ ရက်ကန်းဆိုင်ရာ ပညာရပ်တွေ စနစ်တကျ ပြန့်ပွားစေဖို့၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေဖို့၊ တစ်ဦးချင်း ဝင်ငွေ၊ မိသားစုဝင်ငွေ ရရှိစေဖို့၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းတွေ ပေါ်ထွက်လာစေဖို့၊ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ်ဖွင့်လှစ်ပေးနေပါတယ်" ဟု မုံရွာမြို့၊ ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း၊ ကျောင်းအုပ် ဒေါ်ခိုင်ခိုင်မိုးက ပြောသည်။

သင်တန်းများသို့ အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး အသက်(၁၆)နှစ်မှ(၂၅)နှစ်အတွင်းရှိသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူတစ်ဦးကို တစ်လလျှင် ပညာသင်စရိတ်ငွေကျပ် ၃၀၀၀၀ ပေးအပ်သည်။

အဆောင်နေထိုင်မည့် သင်တန်းသား၊ သင်တန်းသူများအတွက် နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများအပြင် သင်တန်းကြေး အခမဲ့ဖြစ်ပြီး သင်တန်းတွင်အသုံးပြုမည့် လက်သုံးကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများအား အခမဲ့သုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူ သင်တန်းအတွက် အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး လက်ရက်ကန်း ခြောက်လ သင်တန်းအတွက် အခြေခံပညာ မူလတန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

သင်တန်းများကို ၂၀၂၄ခုနှစ်၊ ဇူလိုင် ၁ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ ဗိုလ်ချုပ်လမ်းဘေးရှိ ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း(မုံရွာ)သို့ လာရောက်စာရင်းပေးသွင်းနိုင်ပြီး ဖုန်း ၀၉-၄၂၀၇၁၅၈၉ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)(၃၉၄)

# ၂၀၂၄ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပမည်

**မြစ်ကြီးနား ဇွန် ၁၉**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၄ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်အကြို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် ပြည်နယ်အတွင်း စက်ဘီးစီးအားကစားနည်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဇွန် ၂၃ရက် နံနက် ၆ နာရီမှ စတင်ကာ မြစ်ကြီးနားမြို့ ဇေရပ်ကွက်ရှိ ပြည်နယ်ဘောလုံးအားကစားကွင်းတွင် စုရပ်ပြုလုပ်၍ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စက်ဘီးစီးနင်းပွဲတွင် မည်သူမဆို အသက်အရွယ်မရွေး၊ ကျား၊မ မရွေး ဝင်ရောက်ကစားနိုင်မည်ဖြစ်ပြီး မည်သည့်စက်ဘီး အမျိုးအစားနှင့်မဆို ပါဝင်စီးနင်းနိုင်ပြီး အားကစားသမားများ အားလုံးအား ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အမှတ်တရတီရှပ်အင်္ကျီများ ဝေငှပေးအပ်သွားမည် ဖြစ်သည်။

စက်ဘီးစီးနင်းပွဲတော်သို့ ပါဝင်ကစားလိုသူများအနေဖြင့် ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှူးရုံးသို့ ဆက်သွယ် စုံစမ်းနိုင်ပြီး စက်ဘီးစီးနင်းပွဲတော်သို့ လာရောက်သူများအား စက်ဘီး နှစ်စီးအပါအဝင် အိမ်သုံးပစ္စည်းများဖြင့် ကံစမ်းမဲ ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း ကချင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးအောင်သူထံက သိရသည်။ (၄၄၄)

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း(၁/၂၀၂၄)ဖွင့်လှစ်

**ပင်လုံ ဇွန် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း (၁/၂၀၂၄) ဖွင့်ပွဲကို ဇွန် ၁၈ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က သင်တန်းဖွင့်ပွဲ အမှာစကားပြောကြားပြီးနောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာရွှေမှ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။ ယင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး သင်တန်းဖွင့်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့သည်။

(အောက်ပုံ)

အဆိုပါသင်တန်းသို့ ဖိတ်ကြားထားသောဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူ ၃၀ဦး တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၂၀ရက်အထိ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# တံတားဦးခရိုင်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး



**တံတားဦး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် တင်ဒါစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၄ ရက် နံနက်ပိုင်းက တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက အဖွင့်အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ယခုဘဏ္ဍာရေးနှစ်တွင် တံတားဦးမြို့နယ်အတွင်း Shopping Method အစီအစဉ်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းလေးခု ခွင့်ပြုရန်ပုံငွေကျပ် ၈၆ ဒသမ ၀၇ သန်း လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ကုန်ထုတ်လမ်းခွင့်ပြုရန်ပုံငွေကျပ် တင်ဒါအောင်မြင်သည့် Unique Design ကုမ္ပဏီမှ ခွင့်ပြုရန်ပုံငွေ ၆၉ ဒသမ ၄၆၁ သန်းဖြင့် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ခရိုင်တာဝန်ခံ အင်ဂျင်နီယာမှ လုပ်ငန်းအရည်အသွေးပြည့်မီရေးအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များကိုလည်းကောင်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာမှ ကုန်ထုတ်လမ်းဒီဇိုင်းရေးဆွဲထားသည့် အခြေအနေများ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသော Unique Design ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ကုန်ထုတ်လမ်းကော်မတီဝင်များက သိလိုသည်များမေးမြန်းပြီး ဌာနတာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ တင်ဒါအောင်မြင်သည့် Unique Design ကုမ္ပဏီမှ တာဝန်ရှိသူက တံတားဦး မြို့နယ်များအတွင်း ကုန်ထုတ်လမ်းဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ တံတားဦးမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်သည့် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် Unique Design ကုမ္ပဏီများခွင့်ပြုငွေ ၆၉ ဒသမ ၄၆ သန်းဖြင့် တံတားဦးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(၀၄၀)**

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဇွန် ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ကမ်းလက်များ စာကြည့်တိုက်၌ စာကြည့်တိုက် နှစ်ပတ်လည်ပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၅ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တာ၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးတို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် စာကြည့်တိုက်ဥက္ကဋ္ဌ စာရေးဆရာ မောင်သုတက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခဲ့ပြီး စာကြည့်တိုက်ဘဏ္ဍာရေးမှူး ဦးလှမြင့်က စာကြည့်တိုက်အတွေ့အကြုံနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောခဲ့သည်။

ယင်းနောက် တစ်နှစ်တာအတွင်း စာအုပ်ငှားရမ်းမှုအများဆုံး ဆုရရှိသူများအား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။**(အပေါ်ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဒီလယ်တော

\-\-\-\-\-\-\-\-\-\-

*  ဝဋ္ဋာတစ်ခွင်
မှိုင်းညိုလွင်
ကောင်းကင်ယံထက် လျှပ်စီးလက် ။

*  မိုးသက်ကယ်ဆင်
လယ်တောခွင်
ပျိုးပင်စိမ်းလဲ့ ယိမ်းနွဲ့နွဲ့ ။

*  နွားကြဲစုံရှင်
ထွန်ရေးငင်
လယ်ပြင်ယာကွက် ထွန်ရေးညက် ။

*  တောင်သူဦးကြီး
ရှုမညီး
မိုးသည်းထန်လည်း ထွန်ယက်မြဲ ။

*  ကောက်စိုက်တေးသံ
သောသောညံ
လွင့်ပျံ့သာမော တို့လယ်တော ။

*  စပါးဆန်ရေ
ကြွယ်ဝစေ
မြန်ပြည်တစ်ဝှမ်း ရွှေရောင်လွှမ်း ။   ။

**သန်းထွန်း(ငြိမ်း-ရှုပ)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့ ။



# လက်သည်းအလှနှင့် ကျန်းမာရေးဝန်ဆောင်မှု ဆိုင်သစ်ဖွင့်လှစ်

**မန္တလေး ဇွန် ၁၉**

လက်သည်းအလှနှင့်ကျန်းမာရေးဝန်ဆောင်မှု ဆိုင်သစ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်း၊ ၁၀၃လမ်းနှင့်၁၀၃-အေလမ်းကြားရှိ HAVANA Nail Country တွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မင်းထက်ကျော်ဇင်၊ သက်ထားဦးနှင့် HAVANA Nail Country မန်နေဂျင်းဒါရိုက်တာ မေဖူးကျော်ဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား လက်သည်းကျန်းမာရေးနှင့် ဝန်ဆောင်မှုများအကြောင်း ရှင်းလင်းပြောကြားသည်။

လက်သည်း၊ ခြေသည်းများကို အရှည်မထားဘဲ ပုံမှန်သန့်ရှင်းရေး ပြုလုပ်သင့်ပြီး အမျိုးသမီးများအနေဖြင့် ဝါသနာအရ အရှည်ထားခဲ့ပါက နှစ်ပတ်တစ်ခါ လက်သည်း ကျန်းမာရေး ပုံမှန်ပြုလုပ်သင့်ကြောင်း HAVANA Nail Country မန်နေဂျင်းဒါရိုက်တာက မန္တလေးနေ့စဉ်ကို ပြောသည်။

"လက်သည်းခြေသည်းများကို အရှည်မထားဘဲ ပုံမှန် ညှပ်ပေးရင်တော့ အကောင်းဆုံးပါ။ တကယ်လို့ အရှည်ထားမယ်ဆိုရင်တော့ လက်သည်းတွေကို သန့်ရှင်းအောင် အမြဲဂရုစိုက်ရမယ်။ လက်သည်းတွေ ဆေးဆိုးတာများလာရင် ပျက်စီးမှု များလာတော့ နှစ်ပတ်တစ်ခါ ကုသမှုပြုလုပ်ရသင့်ပါမယ်။ ခြေသည်း၊ လက်သည်းအရှည်ထားတော့ ကုသမှုအနေနဲ့ ပိုးသတ်ဆေးနဲ့ လက်သည်း အားဖြည့်ဆေးထည့်ပေးရပါမယ်။ တစ်ကိုယ်ရည်သန့်ရှင်းမှုအပိုင်းရော၊ လက်သည်းကျန်းမာရေးအပိုင်းရော အစဉ်တစိုက် ဂရုစိုက်သင့်ပါတယ်။"ဟု ၄င်းက ပြောသည်။ **(အောက်ပုံ)**

**မန္တလေးနေ့စဉ်-၆**



## သတင်းပဒေသာ

### ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့၊အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ဆုံဆို့-မေးခိုင် ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉နာရီခွဲက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မိုဘိုင်းစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များသို့ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် မိုဘိုင်းစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ ဖေယျာသီရိဈေးတွင် ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### သုတ/ရသစာအုပ်များ ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်သူများရှိရာသို့ စာအုပ်များသယ်ဆောင်ပြီး သုတ/ရသစာအုပ်များကို ရွေ့လျားစာကြည့်တိုက် Mobile Library စနစ်ဖြင့် ယမန်နေ့ နံနက်ပိုင်းက စာအုပ်စာစောင်များကို ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး "ဥတုရာသီ တောကိုမှီ" ဆိုသည့်အတိုင်း ရာသီဥတုဖောက်ပြန်မှု၊ ရေမြေတောတောင်များပျက်စီးမှု၊ လျော့ကျမှုအန္တရာယ်တို့ကို ကြိုတင်ကာကွယ်ရန်နှင့် ရာသီဥတုမျှတကောင်းမွန်စေရန်၊ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ် ဌာနဆိုင်ရာများမှ မိုးရာသီတွင် မိမိတို့ဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးပင်များကို သတ်မှတ်နေရာများ၌ ယမန်နေ့ နံနက်ပိုင်းကစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊မိုင်းဆတ်မြို့၌ ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက မိုင်းဆတ်-တာချီလိတ် ကားလမ်းမပေါ်ရှိ ဆေးရုံ လမ်းဆုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပိုး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့၌ မိုးရာသီကာလတွင် ခြင်ကိုက်ခြင်းမှတစ်ဆင့် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဖုံး၊သွန်၊လဲ၊စစ်နှင့် ပိုးလောက်လမ်းသေအဘိတ်ဆေးခတ်ခြင်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက မိုင်းခတ်မြို့၊ အမှတ်(၁) ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့ ရွှေရိပ်စံသုသာန်အတွက် မီးသင်္ဂြိုဟ်ဖို(၂)လုံးတွဲ (၁)လုံး တည်ဆောက်လှူဒါန်းခြင်းနှင့် ဆင်းရဲနွမ်းပါး နာရေးရှင်များအတွက် မီးသင်္ဂြိုဟ်စရိတ် လှူဒါန်းပွဲကျင်းပ



**စစ်ကိုင်း ဇွန် ၁၉**

စစ်ကိုင်းမြို့၊ ရွှေသမားရပ်၊ ရွှေရိပ်စံ သုသာန်အတွက် မီးသင်္ဂြိုဟ်ဖိုနှစ်လုံးတွဲတစ်လုံး တည်ဆောက်လှူဒါန်းခြင်းနှင့် ဆင်းရဲနွမ်းပါးသော နာရေးရှင်များအတွက် မီးသင်္ဂြိုဟ်စရိတ်လှူဒါန်းခြင်း ရေစက်ချအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက စစ်ကိုင်းမြို့၊ ရတနာစေတီဆင်မှူးဝင်ဘုရား ဓမ္မဗိမာန်တော်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကြွရောက်လာသော အလှူရှင်များနှင့် ဧည့်ပရိသတ်အပေါင်းက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ပဓာနနာယက ဆရာတော်ကြီးများအား စစ်ကိုင်းမြို့မိ၊ မြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးတင်မိုးလွင်မှ ရေစက်ချအခမ်းအနားကို ကျင်းပရခြင်း ရည်ရွယ်ချက်ကို လျှောက်ထားတင်ပြခဲ့သည်။

ဆက်လက်၍ အလှူရှင်များမှ ပရဟိတအသင်းငါးသင်းအား ဆင်းရဲနွမ်းပါးသော နာရေးရှင်များအတွက် မီးသင်္ဂြိုဟ်စရိတ်များ ပေးအပ်လှူဒါန်းခြင်း၊ အလှူရှင်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်သြဝါဒစရိယ ဆရာတော် ခေမာသီဝံကျောင်းဆရာတော်ထံ သီလခံယူ ဆောက်တည်ခြင်း၊ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းဆက်ကပ်ကြပြီး လှူဒါန်းမှုအစုစုအတွက် အုဋ္ဌကျောင်းဆရာတော်ကြီးက အနုမောဒနာ ရေစက်ချတရားကို ချီးမြှင့်တော်မူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၇၀)**

## မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်



**မန္တလေး ဇွန် ၁၉**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ဘာသာရပ်အသီးသီးမှတင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ ဇွန် ၁၈ ရက်က မန္တလေးမြို့တွင်နေထိုင်သော ဆရာမကြီး မူးလားခူမြမင်း (ပထဝီဝင်)၊ ဆရာကြီးဦးတင်လှိုင် (ရူပဗေဒ)၊ ဆရာကြီး ဦးအောင်ကျော်(ရုက္ခဗေဒ)၊ ဆရာကြီး ဦးမောင်မောင်(ရူပဗေဒ)နှင့် ဆရာကြီးဦးထွန်းအောင်(ဘူမိဗေဒ)တို့အား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့်အဖွဲ့ဝင်များက နေအိမ်များသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြု ငွေကျပ်သုံးသိန်းစီပေးအပ်၍ ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့ကြသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှစပြီး ၂၀၂၄ခု ဇွန် ၁၈ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၂၉၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၄၈၇ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၄၅)**

## စာကြည့်တိုက်များဖောင်ဒေးရှင်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

**ပျဉ်းမနား ဇွန် ၁၉**

ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ၊နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်များ အဆင့်မြှင့်တင် ဆောင်ရွက်နေမှုအခြေအနေများနှင့် ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တာ(သဘာဝ)က ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများနှင့် ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များ ဖောင်ဒေးရှင်းအနေဖြင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ပေးပို့သည့် စာအုပ်များမှ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက် ၁၀ တိုက်အတွက် လူထုသိပ္ပံကျမ်း(အတွဲ-၁၊ အတွဲ-၂၊ အတွဲ-၃) စာအုပ်(၃၀)အုပ်ကို ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လက်ခံရယူခဲ့သည်။ **(အောက်ဝဲပုံ)**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အကြိမ်(၁၁၀)မြောက် ဇီဝိတဒါန သွေးလှူဒါန်း

**မန္တလေး ဇွန် ၁၉**

စိန်ညီအစ်ကို စေတနာသွေးလှူရှင်အဖွဲ့မှ ဦးနိုင်ဦး (လူမှုထူးချွန်တတိယဆင့်)သည် ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် အမျိုးသားသွေးလှူဘဏ်တွင် အကြိမ်(၁၁၀)မြောက်အဖြစ် ဇီဝိတဒါန သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၄၁)

၀-၀-၀-၀

၀-၀-၀-၀-၀



# တာဝန်ထမ်းကြသည်ဆိုရာဝယ်

နိုင်ဗလ

**(၁၄–၆–၂၀၂၄)ရက် စာမျက်နှာ(၁၇)မှအဆက်**

သကြန်နီးလာပြီ။ အပြင်ထွက်လျှင် သကြန်သီချင်းသံများ ကြားနေရပြီဖြစ်သည်။ ရာသီဥတုက သာသာယာယာရှိသည်။ သို့သော် ကျွန်တော်မကြာခဏဖျားသည်၊ တက်ဖျား၊ ကျဖျား၊ အပူဖျား၊ အအေးဖျားဖြစ်သည်။ အဖျားက အတက်အကျကြမ်းသည်။ လူလည်း ဆွဲချသလို ပိန်ချသွားသည်။ ဆေးခန်းသွားရသည့်အကြိမ် စိပ်၍လာသည်။ သောက်ရသည့်ဆေးက တစ်ခါသောက်လျှင် လက်ခုပ်တစ်ခုပ်စာအပြည့်၊ လက်ဖျံတွင်လည်း ဆေးသွင်းရာများ ထပ်နေပြီ၊ တင်ပါးနှစ်ဖက်လုံးလည်း အပ်ရာမပြတ်။

ခံစားနေရသော ငှက်ဖျားရောဂါသည် အတော်ထူးဆန်းသည်။ အချိန်မှန်ဖျားလေ့ရှိသည်။ အဖျားမတက်ခင် ကြိုတင်ပြင်ဆင်ချိန်ရသည်။ အစာကြိုစားထား၍ ရသည်။ အိပ်ရာ၊ စောင်ကြိုတင်ပြင်ထားသည်။ ရေနွေးအိုးတည်၍ ဓာတ်ဘူးတွင်ထည့်ထားပြီး၊ သောက်ဆေးများပြင်ကာ ခြံထဲတွင်ခေတ္တလမ်းလျှောက်နေသည်။ နံနက် ၁၀နာရီ မထိုးခင် အချိန် အနည်းငယ်ရသည်။ ၁၀နာရီထိုးရန်နီးလာပြီ အိမ်ဘက်သို့ ပြန်ခဲ့သည်။ ခန္ဓာကိုယ်မှအရိုးအဆစ်တို့ ကိုက်သလို စိမ့်၍ စိမ့်၍ တက်လာသည်။ အိမ်ရောက်သည်နှင့် ရေနွေးပူပူတစ်ခွက်အမြန်သောက်၊ ဆေးအချို့ရေဖြင့် မျှောချ၍ အိပ်ရာထဲ ကမန်းကတန်းဝင်သည်။ စောင်ကို ဆွဲ၍ ခြုံထားပြီး လှဲနေလိုက်သည်။ ခန္ဓာကိုယ်အပူချိန်ကတဖြည်းဖြည်းတက်လာသည်။ စိမ့်၍ စိမ့်၍ ချမ်းလာခြင်းက စောင်ခြုံ၍လည်း မနွေးတော့၊ တစ်ကိုယ်လုံးတုန်ခါလာသည်အထိ ချမ်းသည်။ တူလေးနှင့် အစ်မဖြစ်သူကို ခန္ဓာကိုယ်ပေါ်မှ ဖိထားစေသည်။ သို့သော် မခံမရပ်နိုင်အောင် ချမ်းလှသဖြင့် အော်ညည်းနေရသည်။ မိခင်၊ ဖခင်တို့ကလည်း စိတ်မကောင်းစွာဖြင့် နံဘေးမှလိုအပ်သမျှ လုပ်ပေးနေရသည်။ အရိုးထဲမှ စိမ့်၍ ချမ်းသော ချမ်းဖျားဖျားဒဏ်ကို အချိန်နှစ်နာရီကျော်မျှခံစားရသည်။ အချမ်းအနည်းငယ် ပြေချိန်တွင်တစ်ကိုယ်လုံး မလှုပ်ချင်လောက်အောင် နုံးလာသည်။ အချမ်းဒဏ်ကို နှစ်နာရီကျော်လောက်အပြင်းအထန်ခံစားပြီး ခဏငြိမ်၍ အနားယူသည်။ မကြာခင် ခန္ဓာကိုယ်က ပြင်းထန်စွာပူလာပြန်သည်။ ချွေးများရွှဲနစ်လာသည်။ စောင်များကိုအတင်းတွန်းထုတ်ရသည်။ အင်္ကျီကို ချွတ်ပစ်သည်။ ဖြစ်နိုင်လျှင် ဘာအဝတ်မှ မဝတ်ချင်၊ ရေအေးအေးသောက်သော်လည်း ရင်ထဲက ပူသည်။ တစ်ကိုယ်လုံးပူသည်။ ဆေးမထိုးချင်၍ အိမ်တွင်ပေကပ်၍ နေသည်။ အတော်ခံစားရသည်။ ညနေပိုင်းတွင်မှ အကောင်း၊ နုံးနေသည်မှအပ အဆင်ပြေသည်။ သည်လိုနှင့် နောက်တစ်နေ့ကူးသည်။ အဖျားတက်မည့် အချိန်စောင့်သည်။ အပြင်းအထန်ခံစားရသည်။ အချိန်ကတစ်ရက်ပြီးတစ်ရက် ကုန်လာသည်။ အဖျားကလည်း တာရှည်လာသည်။ စိတ်က မရှည်တော့။ ဒီတစ်ခေါက်အဖျားတက်ခါနီးကပ်လျက် ကိုပတ်ဟိန်တို့ခြံကိုဖြတ်၍ သီရိမြိုင်ရပ်ကွက်မှ ဆေးခန်းသို့ ဆင်းသည်။ သွားနေရင်း အဖျားက တက်လာသည်။ တစ်ကိုယ်လုံး တုန်တက်လာပြီး လမ်းကို မနည်းထိန်းလျှောက်နေရသည်။ ခြံထဲမှ ရေတွင်းဘေးကဖြတ်ရသည်။ ရေတွင်းထဲသို့ ကြည့်ရင်း ခုန်ချချင်စိတ်ပေါက်လာသည်။ စိတ်ကို ထိန်းရသည်။ အပူချိန်မြင့်၍ ကယောင်ကတမ်းဖြစ်လာသည်ထင်။ ကိုယ့်စိတ်ကို ကိုယ်ထိန်းနေရသည်။ ဆေးခန်းရောက်လျှင် ထိုင်ခုံတွင် ထိုင်လိုက်သည်။ လူနာကြည့်နေသော ဆရာဝန်က လှမ်းမြင်၍ ထွက်လာပြီး လက်ကို ကိုင်ကြည့်သည်။ ထို့နောက် ကျန်လူနာများကို တောင်းပန်၍ အပူကျဆေးထိုး၊ ဆေးပုလင်းကြီး ချိတ်ပေးသည်။ ခင်ဗျားကို မြင်ကတည်းက အဖျားတိုင်းစရာ မလိုဘူး၊ ချက်ချင်းလုပ်ပေးမှ ဖြစ်မှန်းသိတယ်၊ နောက်အဖျားတက်ရင် ဆေးခန်းမှာ ရှိနေပါစေဟု ဆရာဝန်က သတိပေးသည်။ တစ်ယောက်တည်း မလာရန်နှင့် အဖော်ခေါ်လာရန် ပြောသည်။ အချိန်မရွေး သတိလစ်နိုင်သော အခြေအနေဟု ဆို၏။

သတိရမိသေးသည့် ငှက်ဖျား၏ ဒုက္ခပေးပုံတချို့၊ မန္တလေးသို့ မော်လမြိုင်မှ အကြောင်းကိစ္စတစ်ခုဖြင့်သွားစဉ် လမ်း၌ ငှက်ဖျားတက်၍ ရန်ကုန်မြို့တွင်ဆင်း၍ စမ်းချောင်း မကြီးကြီးလမ်းရှိ သူငယ်ချင်း၏ အိမ်တွင် ခေတ္တနားသည်။ သူငယ်ချင်း၏ အိမ်သည် ယခင်က ပန်းသာရုပ်ရှင်ကုမ္ပဏီ ဦးကိုကြီးတို့ အိမ်ဖြစ်သည်။ ထိုအိမ်တွင် သုံးရက်ခန့် ခေတ္တတည်းခိုရသည်။ သူငယ်ချင်း၏ အဒေါ်၊ အစ်ကို၊ အစ်မ၊ ညီမတို့နှင့်လည်း ငယ်စဉ်ကတည်းက အရင်းအချာပမာ နေခဲ့ကြသူများဖြစ်သည်။ ထိုအိမ်တွင် တည်းခိုရသည်မှာ ဗဟုသုတရလှသည်။ မြေအောက်ထပ်တွင် ရုပ်ရှင်ရိုက်ကူးရေးပစ္စည်းများ၊ ဖလင်ဟောင်းများ၊ ရိုက်ကွင်းဓာတ်ပုံများ မြောက်မြားစွာရှိသည်။ ထိုမြေအောက်ထပ်တွင် ဝင်၍ ဓာတ်ပုံဟောင်းများ၊ ကိရိယာဟောင်းများကြား ရှာဖွေလေ့လာရသည်မှာ ပျင်းချိန်ပင် မရှိခဲ့။ ရိုက်ကွင်းများတွင် ဇာတ်ရံအဖြစ် ပါဝင်ရိုက်ကူးခဲ့စဉ် အဖြစ်အပျက်များကို ပြောရင်း အန်ကယ်လေးနှင့် ရယ်မောရသည်မှာလည်း ညစဉ်ဖြစ်သည်။ ရုပ်ရှင်လောက ဗဟုသုတများ များစွာရခဲ့သည်။ ရုပ်ရှင်လောကသားများကလည်း မကြာမကြာလာလည်ကြသဖြင့် သူတို့အတွေ့အကြုံများကိုလည်း စပ်စုဖြစ်သည်။ တစ်ခါတစ်ရံ ညရိုက်ကွင်းများ ရိုက်ရန် အကြောင်းပေါ်က (ထိုစဉ်က ဗီဒီယိုခေတ်ဖြစ်၍ ကြောင်နှစ်ကောင် ဗီဒီယိုအဖြစ် ပန်းသာက ပြောင်းထားပြီး ဖြစ်သည်) ကျွန်တော်တို့ သူငယ်ချင်းတစ်စုကို ခေါ်၍ ဖြတ်လျှောက် သရုပ်ဆောင်အဖြစ် အကူအညီတောင်းသည်။ သရုပ်ဆောင်ဝါသနာမပါသဖြင့် ဖြတ်လျှောက်အဖြစ်သာ ကူညီမည်ဟု ပြောထားရသည်။ ထိုနေ့များတွင် ဗီဒီယိုအဖွဲ့ကို ကူရင်း၊ စားချင်ရာစား၊ သောက်ချင်ရာသောက်ဖြင့် အပျင်းပြေခဲ့သည်။ ရုပ်ရှင်မင်းသား ရန်အောင်၏ သီချင်းကို ပထမဦးဆုံး မြန်မာ့အသံတွင် အသံသွင်းစဉ်ကလည်း လိုက်ပါကြည့်ရှုခဲ့ဘူးသည်။

ငှက်ဖျားအတွက် စမ်းချောင်းမှ ဆေးခန်းတွင် ဆေးထိုးဆေးသွင်းပြီး သူငယ်ချင်းရှိရာ ပဲခူးကလပ်သို့ သွားလည်ပြီး အပြန် ဘတ်စ်ကားစီးခဲ့ရာ ကားပေါ်တွင် လူနှစ်ယောက်က မိမိအား စိုက်ကြည့်၍ စကားပြောနေသည်ကို သတိပြုမိသည်။ ဘတ်စ်ကားမှ ဆင်းပြီး မကြီးကြီးလမ်းအတိုင်း လျှောက်လာစဉ် ကားပေါ်မှ မိမိအား ကြည့်နေသူနှစ်ဦးက နောက်မှ လိုက်ပါလာသည်ကို သတိထားမိသည်။ ခပ်သွက်သွက်အိမ်ဘက်ကို လျှောက်လာရာ ပျားအုံဆေးတိုက်ရှေ့တွင် လူစိမ်းနှစ်ဦးက မီလာပြီး တစ်ဖက်တစ်ချက်စီမှ လက်ကို ဖမ်းချုပ်ပြီး မင်းခဏလိုက်ခဲ့ဟု ပြောသည်။ ကျွန်တော်က ခင်ဗျားတို့က ရဲလား၊ ဘာကြောင့်ခေါ်လည်း ပြောပါ၊ လိုက်ခဲ့ပေးမယ်ဟု ပြန်မေးခဲ့သည်။ မင်းလက်ပေါ်က အပ်ရာတွေက ဆေးသွင်းထားတာမို့လားဟု မေးသဖြင့် ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲဟု မေးရာ၊ ဒါဆို စခန်းလိုက်ခဲ့ဟုပြောပြီး အတင်းဆွဲခေါ်သည်။ အဆင်ပြေချင်တော့ လမ်းထဲမှ ကိုနေမျိုးဆေးထွက်လာသည်နှင့် ကြုံသဖြင့် ဗိုလ်အဆိုတော်ကြီး ခဏလောက်ရှင်းပေးစမ်းပါဗျာဟု ပြောခဲ့သည်။ ကိုနေမျိုးဆေးက မေးမြန်းပြီး ဒါဦးဘိုကြီးတို့ အိမ်မှာတည်းတဲ့ ဧည့်သည် နေမကောင်းလို့ ခဏဝင်နားတာပါဗျာ၊ သူက ကျုပ်နဲ့ လက်ဖက်ရည်သောက်ဖက်၊ မန္တလေးက ကျောင်းသားဗျ၊ ခင်ဗျားတို့ ထင်တဲ့ ဆေးသမားမဟုတ်ဘူး ဟု ပြောမှ အဆင်ပြေသွားသည်။ ကိုယ့်ပုံကလည်း ငှက်ဖျားနှိပ်စက်သဖြင့် ပိန်မည်းပြီး လက်ကလည်း အပ်ရာပရွပေကိုး၊ ရဲကမှားဖမ်းလည်း ဖမ်းချင်စရာပေ။

ကျွန်တော်၏ ကျောပိုးအိတ်ငယ်တွင် သွားလေရာ တပ်မတော်ရမ် တစ်ပုလင်းပါလေ့ရှိသည်။ လမ်းတွင် ငှက်ဖျားတက်၍ ချမ်းဖျားဖျားလျှင် အာမီရမ် နှစ်ပတ်ခန့် သောက်လိုက်လျှင် အနည်းငယ်နေသာသဖြင့် အရေးပေါ်သုံး ဆောင်ထားရခြင်းဖြစ်သည်။ နောက်နေ့ညနေတွင် ဘူတာဆင်း၍ မန္တလေးဘက် ခရီးဆက်ရပြန်သည်။ ရထားတွဲ၏ အတက်အဆင်း ပေါက်နားတွင် တပ်ယူနီဖောင်းဝတ်လူငယ်နှစ်ဦး ထိုင်ငိုက်ရင်း လိုက်လာသည်ကို သတိပြုမိသည်။ ညတွင် အိမ်သာသွားရင်းကြည့်မိရာ တစ်ဦးမှာ ငှက်ဖျားတက်၍ တုန်ချမ်းနေသည်ကို တွေ့ရသည်။ ဘဝတူဖြစ်၍ မနေနိုင်ဘဲပါလာသော မုန့်ကလေး ကျွေး၍ တပ်မတော်ရမ် ၂ ပတ်ခန့်တိုက်လိုက်မှ ရဲဘော် နေသာထိုင်သာရှိသွားသည်။ ကျွန်တော့်အားလည်း လွန်စွာကျေးဇူးတင်ကြောင်း ပြောသည်။ ထိုနေ့က ရဲဘော်လေးက ကျေးဇူးတင်သော်လည်း နံကပ်လျက်မှ အဒေါ်ကြီးကမူ ကျွန်တော့်ထံမှ အရက်နံ့ရ၍ အထင်သေးသော မျက်လုံးဖြင့် ကြည့်သဖြင့် မသိဟန်ဆောင်ကာ တစ်ဖက်လှည့် အိပ်ချင်ယောင်ဆောင်ရင်း စိတ်ထဲကကြိတ်ပြုံးနေမိသည်။ ငှက်ဖျားရောဂါသည်ဘဝမှာ မူးယစ်ဆေးဝါးသမား အထင်ခံရလောက်အောင်ပင် ပိန်လှီမည်းသည်းလျက် ညှိုးသိုးသိုးဖြင့် ထင်လည်း ထင်လောက်ပေသည်။ မန္တလေးရောက်၍မျှ ညမအိပ်ရသေး မော်လမြိုင်မှ တယ်လီဖုန်းဝင်သည်။ ဖခင်ဖြစ်သူ မော်လမြိုင် ရွှေနတ်တောင်ဆေးရုံမှ အမှတ်(၂) တပ်မတော် ဆေးရုံ(ရန်ကုန်)သို့ ပို့လိုက်သည်။ လူနာစောင့်မပါတဲ့။ ချက်ချင်းပင် ဘူတာရုံသို့ဆင်းရသည်။ ဘူတာကြီးမှ သူငယ်ချင်း အောင်သန်းကို အကူအညီ တောင်း၍ ရထားပေါ်မှ ချက်ချင်းတက်၍ လိုက်ခဲ့သည်။ လက်မှတ်မပါ။ တွဲစောင့်နေရာမှ ထိုင်လိုက်ခဲ့ရသည်။ ရန်ကုန်ဘူတာရောက်သည်နှင့် လမ်းလျှောက်ပြီး အမှတ်(၂) စစ်ဆေးရုံသို့ သွားသည်။ ခွဲစိပ်ဆောင်မပို့မီ သီးခြားအဆောင်တွင် ခဏထားသည့်အတွက် အတော်ရှာလိုက်ရသည်။

အမှတ်(၂)စစ်ဆေးရုံ တပ်မှူးမှာ လျှပ်စစ်နှင့်စက်မှုအင်/ယာဉ္တန်ကြားရေးမှူးချုပ်နှင့် က·ပ·စ ညွှန်ချုပ်တာဝန်ပူးတွဲယူထားသော ဗိုလ်ချုပ်မောင်မောင်နှင့် အင်္ဂလန်တွင် ကျောင်းတက်ဘက်ဖြစ်၍ ဗိုလ်ချုပ်က ကျွန်တော့်အား ဆေးရုံတပ်မှူးထံအပ်နှံပြီး၍ ဆေးရုံသို့ ရောက်လျှင် ပူပင်စရာမလို၊ ထမင်း၊ ဟင်း၊ အိပ်ရန် အဆောင်က အစ အဆင်ပြေသည်။ သို့သော် လူနာဆောင်တွင်သာ နေ၍ လူနာဆောင်သို့ ပို့သော ထမင်း၊ ဟင်းကိုသာ အတူစား၍ ဖခင်ဖြစ်သူကို စောင့်ရှောက်ပေးခဲ့သည်။ ဖခင်ဖြစ်သူ ခွဲစိပ်ရန် စောင့်နေသော ရက်တွင် လူနာများနှင့် ဆေးတပ်သားများ၊ သူနာပြုများအား တတ်နိုင်သမျှ ကူညီမြဲအတိုင်း ကူညီခဲ့သည်။ ငှက်ဖျားဆောင်တွင် ယနေ့အရေးကြီး လူနာများနှင့် ပြည့်ကျပ်နေသဖြင့် ခဏကူနိုင်လျှင် ကူပေးရန် သူနာပြု အရာရှိက အကူအညီတောင်းသဖြင့် ဖခင်အား သက်ဆိုင်ရာဝပ်မှ ဆေးတပ်သားထံအပ်ပြီး ငှက်ဖျားဆောင်သို့ လိုက်ခဲ့သည်။ ကယောင်ကတမ်း အော်ဟစ်နေသော ရဲဘော်များနှင့် ပိန်ချုံးချိနဲ့နေသော သူများ ၂၀ဦးခန့်တွေ့ရသည်။ တစ်ဦးမှာ အသက် ၁၉နှစ်ခန့်သာရှိမည့် လူကောင်လည်း သေးကွေးချိနဲ့လှသော ရဲဘော်လေးဖြစ်သည်။ လုံးဝ သတိမရ၊ ကျန်လူနာများအတွက် ကူ၍ အဖျားတိုင်း၊ ချဒ်သွင်း၊ ဆေးပေး၊ ပရက်ရှာတိုင်း ကူညီပေးပြီး သတိလစ်နေသော လူနာထံသွားကြည့်ခဲ့သည်။ လူနာစောင့်လည်း မပါ၊ ဆေးတပ်သားနှင့် အတူ လိုအပ်သည်များ ကူညီသည်။ ပိန်လှီလှသော လက်တွင် အကြောမနည်းရှာ၍ ဆေးသွင်းကြရသည်။ နောက်နေ့ နံနက်မှ ထိုရဲဘော်သတိရသည်။ ဖခင်ဖြစ်သူကို နေ့လယ်စာ စောစောကျွေးပြီး ငှက်ဖျားဆောင်သို့ ဆင်းသည်။ ငှက်ဖျားဖြစ်နေသော ကျွန်တော်လည်း သူတို့နှင့်အတူ ဆေးသောက်၊ ဆေးထိုးသည်။ လူနာများအား ထိုစဉ်က ငှက်ဖျား ဆေးအသစ် စမ်းသပ်ပေးသည့် ကာလဖြစ်သည်။ ထမင်းလှည်းလာလျှင် အားလုံးကို စားနိုင်သလောက် စားရန် ကြီးကြပ်ပေးသည်။ ထို့နောက် တန်းစီစေ၍ ဆေးကို တစ်ဦးချင်း တိုက်သည်။ ကိုယ်လည်း သူနာပြုတစ်ပိုင်း၊ လူနာတစ်ပိုင်း၊ လူနာစောင့်တစ်ပိုင်းဖြင့် ကျင်လည်နေရသည်။ ငှက်ဖျားလူနာလေးများ အနည်းငယ်သက်သာလာ၍ မုန့်စားချင်သည်ဆိုလျှင် ကိုယ်ပါသည့် ပိုက်ဆံဖြင့် ဝယ်ကျွေးသည်။ ဆေးလိပ်နိုးတိုက်ရသေးသည်။ ကျွန်တော်ပြုစုပေးသော လူနာရဲဘော်လေးက လွန်စွာ ကျေးဇူးတင်သဖြင့် ခိုင်းသမျှဆောင်ရွက်ပေးသည်။

တခြားလုပ်ငန်းဆောင်တာများရှိလျှင် ဖခင်ကိုစောင့်ရှောက်ရန် ထိုရဲဘော်အား တာဝန်ပေး၍ ကျန်လူနာများအတွက် မအိပ်မနေ ဆေးတပ်သား တစ်ဦးပမာ ဆောင်ရွက်ပေးခဲ့သည်။ မိမိအား၊ မိမိဖခင်အား စေတနာအပြည့်ထားသည့် ဆေးရုံအတွက် မိမိလည်း စေတနာဖြင့် လုပ်အားဒါနပြုပေးခဲ့သည်။ ကိုယ်နိုင်သည့်ဘက်မှ တာဝန်ကို ထမ်းပေးခြင်းပင်ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက သောဠသမဏ္ဍိုင်ကျောင်းတိုက် ပါဠိ တက္ကသိုလ်ကျောင်းတိုက် ပါဠိ တက္ကသိုလ်များ၏ အဓိပတိ ...





**မန္တလေး ဇွန် ၁၉**

နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သောဠသမဏ္ဍိုင်ကျောင်းတိုက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့ညနေပိုင်းက သွားရောက်ဖူးမြော်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သီတဂူ ဝိပဿနာအကယ်ဒမီကျောင်း၊ သီတဂူစန္ဒြကန္တီကျောင်းဆောင်သို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဆရာတော်ကြီးအား ဖူးမြော်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရားများနှင့်စေတီများရှိ သမိုင်းတန်ဖိုးကြီးမားသည့် ရှေးဟောင်းအမွေအနှစ်လက်ရာများ ဖော်ထုတ်ရေး၊ ရှေးမူမပျက်ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် သာသနာရေးဆိုင်ရာများ လျှောက်ထား၍ သီတဂူဆရာတော်ကြီးထံက သြဝါဒများခံယူပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ခရိုအေးရှားနှင့် အယ်လ်ဘေးနီးယားတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျ၊ ဟန်ဂေရီကိုအနိုင်ယူပြီး အိမ်ရှင်ဂျာမနီအသင်း ၁၆သင်းအဆင့် စောစီးစွာတက်ရောက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(ခ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့၊ ဖောက်ပတ်ခ်ဘောလုံးကွင်းတွင် ခရိုအေးရှားအသင်းနှင့် အယ်လ်ဘေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

ပွဲစသည်နှင့် အယ်လ်ဘေးနီးယားအသင်းက ခရိုအေးရှားအသင်းဘက်သို့ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၁မိနစ်တွင် အေဆာနီက ညာစွန်းမှ ပင်နယ်တီဧရိယာအတွင်း ဖြတ်တင်ပေးမှုကို ကျောနံပါတ် ၁၄ လာချီက လှလှပပ ခေါင်းတိုက်သွင်းယူကာ အယ်လ်ဘေးနီးယားအသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သည်။ ဆက်တိုက်ဆိုသလို ပွဲချိန် ၁၄မိနစ်တွင်လည်း ပင်နယ်တီဧရိယာအတွင်း ကျောနံပါတ် ၁၀ ဘာဂျာမီက ခရိုအေးရှား နောက်ခံကစားသမားများကို လှလှပပ လိမ်ခေါက်ပြီး မြေလှိမ့်ဘောကန်သွင်းယူခဲ့သော်လည်း ဂိုးသမား လီဗာကိုဗစ် အကောင်းဆုံး ကာကွယ်နိုင်ခဲ့မှုကြောင့် အယ်လ်ဘေးနီးယားတို့ ဒုတိယမြောက်ဂိုး ရရှိမည့်အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။ နောက်ပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် အယ်လ်ဘေးနီးယားက ခရိုအေးရှားအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ခရိုအေးရှားအသင်းက ချေပဂိုးပြန်လည်ရရှိရေးအတွက် အယ်လ်ဘေးနီးယားအသင်းဘက်ကို အသည်းအသန်တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲချိန် ၅၃မိနစ်တွင် ကိုဗာဆစ်၏ ပင်နယ်တီဧရိယာစပ်မှ ကန်သွင်းချက်ကို အယ်လ်ဘေးနီးယားဂိုးသမား ကာကွယ်နိုင်မှုကြောင့် ခရိုအေးရှားတို့ ချေပဂိုးရမည့် အခွင့်အရေး လက်လွှတ်ခဲ့ရသည်။ ခရိုအေးရှားအသင်းက လူစားလဲမှုများ ပြုလုပ်ခဲ့ပြီးနောက် အယ်လ်ဘေးနီးယားအသင်းဘက်ကို ဖိကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၄မိနစ်တွင် ခရမ်မာရစ်က ချေပဂိုးရယူပေးခဲ့သည်။ ဆက်တိုက်ဆိုသလို ၂မိနစ်အကြာ ပွဲချိန် ၇၆မိနစ်တွင် ဂျဆူလာက ခရိုအေး ရှားအသင်းအတွက် ဒုတိယမြောက်ဂိုး ရယူပေးနိုင်ခဲ့သည်။ အယ်လ်ဘေးနီးယားအသင်းလည်း သွင်းဂိုးနှစ်ဂိုးဆက်တိုက်ပေးခဲ့ရပြီးနောက် လူစားပြောင်းလဲမှုများ ထပ်မံပြုလုပ်ခဲ့ပြီး ခရိုအေးရှားဘက်သို့ ပြန်လည် ထိုးဖောက်ကစားခဲ့သည်။ နာကျင်အချိန်ပို ၉၅ မိနစ်တွင် ခရိုအေးရှားအသင်း၏ ပေါ့ဆမှုကြောင့် ဂျဆူလာက အယ်လ်ဘေးနီးယားအသင်းအတွက် ချေပဂိုးပြန်လည် သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် ခရိုအေးရှားအသင်းနှင့် အယ်လ်ဘေးနီးယားအသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။



စာမျက်နှာ ၁၀ သို့ ❍



## ၂၀၂၄ အာဆီယံ ယူ-၁၆ ပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းထွက်ခွာ

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲဝင်ရန်အတွက် ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားပြီ ဖြစ်သည်။

၂၀၂၄ အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့တွင် ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၄ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အုပ်စုသုံးစုခွဲထားကာ အုပ်စုတစ်ခုစီမှ အုပ်စုပထမရသော အသင်းသုံးသင်းနှင့်အကောင်းဆုံး အုပ်စု ဒုတိယရသော အသင်း တစ်သင်း၊ စုစုပေါင်း အသင်းလေးသင်း ဆီမီးအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

အုပ်စု(B)မှ မြန်မာယူ-၁၆ အသင်းအနေဖြင့် ဇွန်လ ၂၂ ရက် မြန်မာစံတော်ချိန် ည(၇)နာရီတွင် ကမ္ဘောဒီးယား၊ ဇွန်လ ၂၅ ရက် နေ့လယ်(၂)နာရီခွဲတွင် ဘရူနိုင်း၊ ဇွန်လ ၂၈ ရက်နေ့လယ်(၂)နာရီခွဲတွင် ဗီယက်နမ်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းကို ပြီးခဲ့သည့်နှစ် FIFA-MFF U-15 အထက်/အောက် မြန်မာပြည်လိဂ်ပြိုင်ပွဲမှ ခြေစွမ်းပြခဲ့သည့် ကစားသမားများ၊ အကယ်ဒမီများမှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အသင်းအုပ်ချုပ်သူအဖြစ် ဦးစိုးမြတ်မင်း၊ နည်းပြချုပ်အဖြစ် ဂျပန်လူမျိုး မစ္စတာမီတ မီချီတာရူက တာဝန်ယူလျက်ရှိသည်။(NGB)

| ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (က) ပွဲစဉ် |
|---|
| စကော့တလန် ၁ - ၁ ဆွစ်ဇာလန် |